မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၁၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၁၉)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယတပ်မတော်အမှတ်(၃)တပ်မကြီးမှူးနှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး Lt. Gen. Daljeet Singhအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး Lt. Gen. Daljeet Singhနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

လက်ခံတွေ့ဆုံပွဲတက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ✳

စစ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ တိုင်းဆူပြည်ဖျက် ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာမှု ပြည်ပြေးတို့ မလိမ့်တပတ်ကျင်းပသောအခမ်းအနား မိမိတို့ဆန္ဒမပါဘဲ တက်ခဲ့ရခြင်းသာဖြစ် မြန်မာနိုင်ငံရှိ လူမှုရေးအသင်းအဖွဲ့များ၊ ငြိမ်းချမ်းရေးအဖွဲ့များကလည်း လုံးဝ ဆန့်ကျင်ရှုတ်ချ ရှမ်းပြည်နယ်အတွင်းရှိ ဘယ်မြို့နယ် ဘယ်တိုင်းရင်းသားကမျှ အားပေးထောက်ခံမှုမပြု မျိုးချစ်စိတ်ရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လုံးဝလက်မခံကြောင်း အတိအလင်းကြေညာ

ရန်ကုန် မေ ၉

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲလူထုအစည်းအဝေးကြီးကို မေ ၈ ရက် နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် လဲချားမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ဒေသခံတိုင်းရင်းသားပြည်သူများ တစ်ခဲနက်တက်ရောက်ကြပြီး ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား တညီတညွတ်တည်း ဆန့်ကျင်ရှုတ်ချကြသည်။

ကျော်ဖုံးသို့

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မေလ ၁၀ ရက်)

အကြမ်းဖက်လုပ်ရပ် ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချ နိုင်ငံတော်အပေါ် အဖျက်အန္တရာယ် မကျရောက်ရေးကာကွယ်တိုက်ဖျက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာစေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ယင်းကဲ့သို့ ကြိုးပမ်းတည်ဆောက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ အားလုံး ပြည့်စုံလုနီးပါးဖြစ်စေရန် ရည်မှန်းချက်ချမှတ်ပြီး နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

နိုင်ငံတော်တစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားများ ဖြစ်ထွန်းတိုးပွားနေသည်ကို မလိုလားမရှုဆိတ်သည့် အနောက်အုပ်စုနိုင်ငံကြီးများသည် ၎င်းတို့ကြိုးဆွဲရာ ကမည့်၊ ၎င်းတို့လိုလားသည့် တစ်ပါတီ၊ တစ်သင်းတစ်ဖွဲ့နှင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဆန္ဒနှင့်အာဃာတကို အကြောင်းပြု ဘက်လိုက်ပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေးနှင့် ကုန်သွယ်ရေး အရေးယူပိတ်ဆို့မှုများ တစ်ဖက်သတ် လုပ်ဆောင်မှုကြောင့် ၁၉၈၈ခုနှစ်မှ ယနေ့အထိ မြန်မာနိုင်ငံ၌ စက်ရုံ၊ အလုပ်ရုံ ၁၅၁ရုံ ပိတ်ပစ်ခဲ့ရ၍ မြန်မာအလုပ်သမား ၆၄၀၀၀ကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။

မြန်မာနိုင်ငံ၌ စစ်မှုထမ်းဆောင်ခြင်းကို မျိုးရိုးဗီဇနှင့် စိတ်ဆန္ဒအလျောက် ဝင်ရောက်ထမ်းဆောင်နေကြသော်လည်း အချို့သော နိုင်ငံများတွင် စစ်မှုမထမ်းမနေရဥပဒေများ ပြဋ္ဌာန်းပြီး စစ်သားစုဆောင်းနေကြရသည်ကို တွေ့မြင်နေရသည်။ ယင်းကဲ့သို့ မတူကွဲပြားသည့် နိုင်ငံများ၏ အခြေအနေများပေါ်မူတည်ပြီး မြန်မာလူငယ်များ၏ ပြင်းပြသော စစ်မှုထမ်းဆောင်လိုစိတ်ကို တလွဲအဓိပ္ပာယ်ဖွင့်ဆိုပြီး အနောက်နိုင်ငံအချို့နှင့် အပေါင်းအပါနိုင်ငံများက မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်စေလျက်ရှိသည်ဟု မဟုတ်မမှန် လုပ်ကြံစွပ်စွဲနေသည်ကို တွေ့ရသည်။

တစ်ဖန် အတ္တကိုဗဟိုပြုသည့် ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ်ဖြင့် ရှမ်းစော်ဘွားအနွယ်ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းအပါတစ်စုသည် ပြည်ပတစ်နေရာမှနေပြီး ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့် နိုင်ငံအဖြစ် တည်ထောင်ကြောင်း ပြည်ပမီဒီယာများက သတင်းထုတ်လွှင့်ကြေညာပေးခဲ့သည်။

လက်နက်ကိုင် တောခိုပြီး အကြမ်းဖက်သောင်းကျန်းသူဘဝ၊ ပြည်ပြေးဘဝခံယူထားသည့် သောင်းကျန်းသူ အဖျက်သမားများ၏ ၁၉၄၈ခုနှစ်မှ ယနေ့အထိလုပ်ခဲ့သည့် လူသတ်၊ မီးရှို့၊ ဗုံးခွဲ၊ မိုင်းထောင်၊ လုယက်၊ ဓားပြတိုက်သည့်လုပ်ရပ်များသည်လည်း ပြောပြ၍ မကုန်နိုင်လောက်အောင်ပင် များပြားလှသည်ကို တွေ့ကြရမည်ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲအခမ်းအနားကို မေလ၈ရက်နေ့ နံနက်၆နာရီ မိနစ်၅၀တွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော် ခြေတော်ရင်းရှိ အားကစားကွင်း၌ တစ်ခဲနက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ပုဂံယဉ်ကျေးမှုရှေးဟောင်းနယ်မြေ ဘူမိနက်သန်နေရာ၌ ကျင်းပသည့် လူငယ်နှီးနှောဖလှယ်ပွဲတွင် မိမိတို့ ချစ်မြတ်နိုးသည့် အမိနိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုများကို အားသစ်လောင်းပေးမည့် လူငယ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်အုံဟူသည့် ဦးတည်ချက်ဖြင့် အဆိုတင်သွင်းထောက်ခံ ဆွေးနွေးကြခြင်းသည် အလွန်လိုလားအားပေးသင့်သော အမျိုးသားရေးအကျိုးပြုလှုပ်ရှားမှု တစ်ရပ်ဖြစ်သည်။ အလားတူပင် ပြည်ထောင်စုအပေါ် ကျရောက်လာသည့် ပြည်ထောင်စုပြိုကွဲရေးအန္တရာယ်နှင့် အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချကြောင်း တင်ပြဆွေးနွေးထောက်ခံခြင်းသည်လည်း အရေးကြီးသည့် အမျိုးသားရေးကိစ္စဖြစ်သည်။

မျက်မှောက်ကာလတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် ဉမကွဲသိုက်မပျက် စည်းစည်းလုံးလုံးဖြင့် တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို ချစ်မြတ်နိုးတန်ဖိုးထားကာ နိုင်ငံတော်ကြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်လျက် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာစေရန် ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီဖြင့် ဦးတည် တည်ဆောက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူငယ်ထုတစ်ရပ်လုံးက ပြည်ထောင်စု၏အချုပ်အခြာအာဏာကို ထိပါးသည့် ပြည်တွင်းပြည်ပ၊ မြေပေါ်မြေအောက်၊ လက်ဝဲလက်ယာအစွန်းရောက် အဖျက်သမားမှန်သမျှ၏ လုပ်ရပ်များနှင့် ပြည်သူလူထုကို ထိခိုက်သေကျေစေသည့် အကြမ်းဖက်လုပ်ရပ်များကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချရင်း နိုင်ငံတော်အပေါ် အဖျက်အန္တရာယ် မကျရောက်ရေး ကာကွယ်တိုက်ဖျက်သွားကြမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အာဆီယံနှင့်တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများ ပိုမိုရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြရန် တရုတ်ဆန္ဒရှိ

ကျိုတို မေ ၉

တရုတ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၊တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား ပိုမိုရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းက ကျိုတိုမြို့၌ သောကြာနေ့က ပြောကြားသည်။

မှတ်ချက်ပြု

လီကျောက်ရှင်းသည် အာဆီယံ ၁၀ နိုင်ငံအပြင် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ် ထိုသို့မှတ်ချက်ပြု ပြောကြားခြင်းဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

အာဆီယံ ၁၀နိုင်ငံနှင့် တရုတ်၊ဂျပန်၊တောင်ကိုရီးယားနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းရန်မှာ သက်ဆိုင်ရာနိုင်ငံများအားလုံး၏ အကျိုးစီးပွားဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ပိုမိုဖွံ့ဖြိုးတိုးတက်

အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် ပတ်သက်၍ အဆိုပါ ထိပ်သီးအစည်းအဝေးတွင် အရှေ့အာရှနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်ရန်အပြင် အာဆီယံနှင့် တရုတ်၊ဂျပန်၊တောင်ကိုရီးယားနိုင်ငံတို့ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးကြမည်ဖြစ်ကြောင်း လီက ပြောကြားသည်။

ထောက်ခံ

တရုတ်နိုင်ငံသည် ထိပ်သီးအစည်းအဝေးဆိုင်ရာ အာဆီယံ၏ အများဆန္ဒကို လေးစားကြောင်း၊ အခြေခံဖွဲ့စည်းမှု ပြင်ပရှိ နိုင်ငံများအစည်းအဝေးတက်ရောက်နိုင်ကြောင်း ဆုံးဖြတ်ရာတွင် အာဆီယံ၏ ဦးဆောင်မှုအခန်းကဏ္ဍကို ထောက်ခံကြောင်း လီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြဝတီရုပ်မြင်သံကြား

၁၀-၅-၂၀၀၅
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅း၀၀ ၇။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)The Signisicance of Water and Hydrologic Cycle
(ပထမနှစ်-ပထဝီဝင်)
(ခ)Introducing Ethics
(တတိယနှစ်-ဒဿနိကဗေဒ)
၅း၂၅ ၈။ ပညာခေတ်
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၃၉)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟေဝန်က သိုင်းလုလင်"** (အပိုင်း-၁၇)
၁း၃၀ ၂၁။ English Premier League ဘောလုံးပွဲ Manchester United Vs Chelsea

ဗီယက်နမ်ရေတပ် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး သမ္မတထရန်ဒပ်လောင် တိုက်တွန်းပြောကြား

ဟန်နွိုင်း မေ ၈

ဖွံ့ဖြိုးတိုးတက်မှုများကို ထိန်းထားရန် အထူးသဖြင့် ဗီယက်နမ်နိုင်ငံနှင့်ရေပိုင်နက် ထိစပ်နေသောနိုင်ငံများနှင့် ရေကြောင်းပူးပေါင်းဆောင် ရွက်မှုများကို တိုးမြှင့်ရန် ဗီယက်နမ်သမ္မတ ထရန်ဒပ်လောင်က ဗီယက်နမ်ရေတပ်ကို တိုက်တွန်းလိုက်ကြောင်း ဗီယက်နမ်သတင်းဌာနက ကြာသပတေးနေ့က သတင်းထုတ်ပြန်သည်။

ပြောကြား

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်းသည် အခြားနိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လေးစားခြင်း၏ အခြေခံအကြောင်းရင်းဖြစ်ကြောင်း မေ၇ရက်က ဗီယက်နမ်ရေတပ်နှစ်(၅၀)ပြည့် အခမ်းအနားတွင် သမ္မတထရန်ဒပ်လောင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ရှေးဟောင်းခံတပ် အန်ဟူပြည်နယ်၌ ရှာဖွေတွေ့ရှိ

ဟေဖီ မေ ၈

တရုတ်ရှေးဟောင်းသုတေသနပညာရှင်များသည် တရုတ်နိုင်ငံ အရှေ့ပိုင်း အန်ဟူပြည်နယ်တွင် ပျက်စီးနေသော ခံတပ်တစ်ခုကို မကြာမီက ရှာဖွေတွေ့ရှိခဲ့ကြသည်။

အဆိုပါခံတပ်မှာ တရုတ်နိုင်ငံ အရှေ့ပိုင်းပြည်နယ်တွင် ရှာဖွေတွေ့ရှိရသော ရှေးဟောင်းခံတပ်ဖြစ်ပြီး တရုတ်နိုင်ငံ၏ အခြားဒေသများ၌ ၎င်းခံတပ်မျိုး ရှားပါးသည်ဟု ရှေးဟောင်း သုတေသနပညာရှင်အဖွဲ့ ခေါင်းဆောင်လီဒီဝင်က ပြောကြားသည်။

ဝင်ပေါက်နှစ်ခုရှိ

ခံတပ်အကျယ်အဝန်းမှာ စတုရန်းမီတာ၈၀၀၀၀ ဖြစ်ပြီး ဟေဖီဆင်ခြေဖုံး၌ ရှိသည်။ ခံတပ်၌ ဝင်ပေါက်နှစ်ခုရှိပြီး တစ်ခုမှာ အရှေ့ဘက်နံရံနှင့် အခြားတစ်ခုမှာ အနောက်ဘက်နံရံ၌ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

✻ ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေတို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး Lt. Gen. Daljeet Singh နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Rajiv Kumar Bhatia နှင့် စစ်သံမှူး Colonel Jasvinder Singh Chopra တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး Lt. Gen. Daljeet Singh နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေစစ်ဆေး တွင်းပေါင်း ၂၁ တွင်းမှ ဓာတ်ငွေ့ကုဗပေသန်း ၁၀၀ ကျော်နှင့် လေဆီ စည် ၈၀၀ နေ့စဉ်ထုတ်လုပ်

ရန်ကုန် မေ ၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးသည်။

အချိန်မီပြီးစီးရေးမှာကြား

ဝန်ကြီးအား ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ ရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း အင်ဂျင်နီယာချုပ် (တူးဖော်ရေး) ဦးမောင်ကိုက အသစ် ထပ်မံ တူးဖော်ခဲ့သော ညောင်တုန်းတွင်းသစ် အမှတ်(၂၆)ကို အောင်မြင်စွာတူးဖော် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ လက်ရှိ ထုတ်လုပ်နေမှု အခြေအနေတို့ကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက တွင်းတူးစက်များပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း ရှင်းလင်း တင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက် ရှင်းလင်း တင်ပြသည်။

ဝန်ကြီးက ညောင်တုန်းဒေသ၌ တွင်းသစ်များ ဆက်လက်တူးဖော် သွားနိုင်ရေး၊ ဘူမိအနေအထား ဆက်စပ်လျက်ရှိသည့် အခြားဒေသများတွင်လည်း တိုးချဲ့ရှာဖွေ တူးဖော်သွားနိုင်ရေးနှင့် ညောင်တုန်း၊ မအူပင်နှင့် ဒေးဒရဲမြို့နယ် ကျောက်စရစ်ကျွန်းဒေသ၊ ကွမ်းခြံကုန်းမြို့နယ် စပါးကြီးစမ်းဒေသများ၌ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို မှာကြားပြီး တွင်းတူးစက်နေရာချထားမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ချမှတ်ပေးသည်။

နေ့စဉ် ၄၈ စည်ထုတ်လုပ်

ထို့နောက် ဝန်ကြီးက တွင်းတူးဖော်ရေး အောင်မြင်စွာဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တွင်းသစ် အမှတ်(၂၆) သို့ သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တွင်းသစ် အမှတ်(၂၆)မှ သဘာဝဓာတ်ငွေ့ ကုဗပေ ငါးသန်းကျော်နှင့် လေဆီ Condensate ၄၈ စည်ခန့်ကို နေ့စဉ်ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ၌ တွင်းပေါင်း ၂၁ တွင်းမှ သဘာဝဓာတ်ငွေ့ကုဗပေသန်း ၁၀၀ ကျော်နှင့် လေဆီ Condensate စည် ၈၀၀ ကျော်ခန့်ကို နေ့စဉ် ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ တွင်းသစ် အမှတ်(၂၆) တွင်းတူးဖော်ပြီးစီးမှုနှင့် သဘာဝဓာတ်ငွေ့များ ထုတ်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်နိုင်

ရန်ကုန် မေ ၉

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၅ ခုနှစ်အတွက် (၁၆)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"** ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် (၁၀ x ၁၂)လက်မ သို့မဟုတ် (၁၀ x ၁၄)လက်မထက် မငယ် သော အရွယ်အစား Print ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပူးတွဲပေးပို့

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့်အကြောင်းအရာ (Caption)အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ဆုချီးမြှင့်မည်

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်နောက်ဆုံးထား၍ ပေးပို့ရမည်။ ပြိုင်ပွဲတွင် ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏ အမည်ကို ၂၀၀၅ ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယတပ်မတော်အမှတ်(၃)တပ်မကြီးမှူးနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၉

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး Lt. Gen. Daljeet Singh နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်လင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Colonel Jasvinder Singh Chopra နှင့် ဇနီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

လူငယ်ကိုယ်စားလှယ်များ ပြည်နယ်နှင့်တိုင်းအသီးသီး၏ ပကတိဖြစ်ပေါ်တိုးတက်မှုလေ့လာခဲ့ကြ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူစုစည်းညီညွတ်မှုကြောင့် နိုင်ငံတော်တစ်ဝန်းလုံး ဘက်စုံတိုးတက်နေ ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် ပြည်သူတို့နှင့်အတူ အောင်မြင်သည်အထိဖော်ဆောင်မည်

ရန်ကုန် မေ ၉

မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော်အနီးရှိ အောင်မင်္ဂလာခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲအခမ်းအနားတွင် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြောကြားသည့် အမှာစကားမှာ အောက်ပါအတိုင်းဖြစ်သည်။

ပုဂံရေးဟောင်း ယဉ်ကျေးမှုနယ်မြေမှာ ယနေ့ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံနှီးနှောဖလှယ်ပွဲ အခမ်းအနားကို တက်ရောက်အားပေးချီးမြှင့်ကြတဲ့ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်၊ တိုင်းအသီးသီးမှ အတွင်းရေးမှူးများ၊ အသင်းဝင်ကိုယ်စားလှယ်များနှင့် အသင်းဝင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ အသင်းကြီးရဲ့အကျိုး၊ မိမိနယ်မြေရဲ့အကျိုး၊ နိုင်ငံတော်ရဲ့ အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ကြသူများ ဖြစ်ကြပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့အားလုံးရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးအဖြစ်ပေါ်ထွန်းလာစေရေးပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အားလုံးဟာ ဒီရည်မှန်းချက် ပန်းတိုင်ကို မရောက်ရောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်လို့ သန္နိဋ္ဌာန်ချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပကတိဖြစ်ပေါ်နေတဲ့ အခြေအနေတွေ၊ အခြေခံကောင်းတွေကို ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ လူငယ်ကိုယ်စားလှယ်များအနေနဲ့ တိုင်းနဲ့ပြည်နယ်အသီးသီးကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပြီး ပကတိဖြစ်ပေါ်နေတဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတွေကို လက်တွေ့လေ့လာခဲ့ကြပြီး ဖြစ်ပါတယ်။ ရရှိလာတဲ့ အတွေ့အကြုံတွေကို မိမိတို့ရဲ့ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် တင်ပြနှီးနှောဖလှယ်သွားကြမှာ ဖြစ်ပါတယ်။

ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်

ကျွန်တော်တို့အားလုံးဟာ နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မှုရှိတာကို လိုလားကြသူတွေဖြစ်ပါတယ်။ လက်ရှိအခြေအနေကို လေ့လာသုံးသပ်ရင် နိုင်ငံတော်အကြီးအကဲများရဲ့ မှန်ကန်တဲ့ဦးဆောင်မှုနဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ပြည်သူတို့ရဲ့ စုစည်းညီညွတ်တဲ့အားများကြောင့် နိုင်ငံတော်တစ်ဝန်းလုံး ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်မှုတွေ ရှိနေတယ်ဆိုတာ တွေ့ကြရမှာ ဖြစ်ပါတယ်။ တပ်မတော်အစိုးရ တာဝန်မယူမီ ၁၉၈၈ ခုနှစ်နောက်ပိုင်းနဲ့ မျက်မှောက်ကာလ အခြေအနေတွေကို နှိုင်းယှဉ်ကြည့်ရင် ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်မှုတွေရှိနေတယ်ဆိုတာ မငြင်းနိုင်တဲ့အချက် ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံတော်ကြီးဟာ ရှေးနှစ်ပေါင်းထောင်ချီတဲ့ကာလကစပြီး တိုင်းရင်းသားများ အေးအတူပူအမျှ စုစည်းနေထိုင်ကြတဲ့ နိုင်ငံဖြစ်ပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေဟာ နိုင်ငံအဝန်း ရေကြည်ရာ မြက်နုရာ ဆိုသလို နေရာအနှံ့ ရောနှောနေထိုင်ရာ နိုင်ငံကြီးလည်း ဖြစ်ပါတယ်။ လူငယ်ကိုယ်စားလှယ်များ ရောက်ရှိရာ ပြည်နယ်၊ တိုင်းအားလုံးမှာ တိုင်းရင်းသားများ ရောနှောပျံ့နှံ့နေထိုင်ကြတယ်ဆိုတာ တွေ့ကြရမှာဖြစ်ပါတယ်။ ပြည်နယ်၊တိုင်း အားလုံးဟာ ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုကလေးများအဖြစ် တည်ရှိနေတာကို တွေ့ကြရမှာဖြစ်ပါတယ်။

ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ

ကျွန်တော်တို့ နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာမှာ ပြည်ထောင်စုစိတ်ဓာတ်ရှိဖို့လိုပါတယ်။ နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်ထောင်စုကြီး မပြိုကွဲမှသာ ဖြစ်နိုင်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိမှသာ ဖြစ်နိုင်ပါတယ်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှသာ ဖြစ်နိုင်ပါတယ်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟာ တစ်ဦးတစ်ယောက်၊ အသင်းအဖွဲ့တစ်ခုအတွက် မဟုတ်ဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုလားတဲ့ နိုင်ငံသားအားလုံးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် အချက်တွေဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှိရမည့် ပြည်ထောင်စုစိတ်ဓာတ်ရဲ့ အရင်းခံအချက်တွေ ဖြစ်ပါတယ်။

ဒီကနေ့ ရရှိလာတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေရဲ့ အခြေခံအကြောင်းအရင်းတွေကိုကြည့်ရင် ပြည်သူတွေလိုလားတဲ့ ရည်မှန်းချက်ကို နိုင်ငံတော်အကြီးအကဲများရဲ့ မှန်ကန်တဲ့ဦးဆောင်မှု၊ ချမှတ်ထားတဲ့ မှန်ကန်တဲ့လမ်းစဉ်နဲ့ နည်းလမ်းများအတိုင်း ပြည်ထောင်စုစိတ်ဓာတ်နဲ့ လက်တွေ့ကျတဲ့ အကောင်အထည်ဖော် ဆောင်ရွက်မှုတွေကြောင့် ဖြစ်တယ်ဆိုတာ အထင်အရှားတွေ့ကြရမှာ ဖြစ်ပါတယ်။

မျက်မှောက်ကာလဖွံ့ဖြိုးတိုးတက်မှု

ဒီနေ့ ရရှိတဲ့ရလဒ်ကောင်းတွေဟာ အနာဂတ်နိုင်ငံတော်အတွက် အခြေခံကောင်းတွေ ဖြစ်ပါတယ်။ ဒီနေ့ တည်ဆောက်အကောင်အထည်ဖော်နေတဲ့ နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေးတွေဟာ မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရုံသာမက အနာဂတ်မှာ ပုံဖော်တည်ဆောက်မယ့် နိုင်ငံတော်သစ်ကြီးအတွက် အခြေခံကောင်းတွေ၊ အမွေကောင်းတွေလည်းဖြစ်ပါတယ်။

မျက်မှောက်ကာလ လူငယ်တွေဟာ အနာဂတ်နိုင်ငံတော်ကြီးကို မလွဲမသွေ ပခုံးပြောင်းတာဝန်ယူကြရမည့်သူတွေဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာမှာ ဒီနေ့ နိုင်ငံတော်အကြီးအကဲတွေရဲ့ စိတ်ကောင်း စေတနာမှန်နဲ့၊ အမြော်အမြင်ကြီးမားစွာနဲ့ အခြေခံကောင်းတွေ၊ အမွေကောင်းတွေ တည်ဆောက်ပေးနေမှုကို မြင်တတ်ဖို့လိုပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ ဦးတည်ချက်တွေချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းဟာ မျက်မှောက်ကာလ နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက်သာမကဘဲ အနာဂတ်နိုင်ငံတော်အတွက် မျှော်မှန်းပြီး တည်ဆောက်ပေးနေခြင်းဖြစ်တယ်ဆိုတာ နားလည်ဖို့လိုပါတယ်။ ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်များရဲ့ လက်ထက်မှာ ယခုအနေအထားထက် ပိုမိုတိုးတက်မြင့်မားလာအောင် စေတနာအပြည့်နဲ့ ပုံဖော်တည်ဆောက်ပေးနေခြင်းဆိုတာ သိဖို့လိုပါတယ်။

အခြေခံအုတ်မြစ်

ဒါကြောင့် လူငယ်အင်အားစုများအနေနဲ့ လက်ရှိအချိန်မှာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝနဲ့ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ၂-၅-၂၀၀၅ ရက်နေ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရဲ့ ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲမှာ အသင်းရဲ့နာယကကြီးဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **“မည်သည့်စနစ် မည်သည့်ခေတ်မှာဖြစ်စေ စည်းလုံးညီညွတ်ရေးအမြင်၊ ဖွံ့ဖြိုးတိုးတက်ရေးအမြင်၊ ကာကွယ်ရေးအမြင်ရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်လိုတယ်။ ဒီကနေ့ နိုင်ငံတော်မှာ ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်နေတယ်။ ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ဟာ နိုင်ငံတော်ရဲ့ နိုင်ငံရေးလုပ်ငန်းလမ်းစဉ်ဖြစ်တယ်။ အေးချမ်းတည်ငြိမ်ခြင်း၊ နိုင်ငံနှင့် နိုင်ငံသားတို့ရဲ့ စီးပွားရေးအခြေခံကောင်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးခြင်းတို့ဟာ ဒီမိုကရေစီလူ့အဖွဲ့အစည်း ဖြစ်ပေါ်နေတဲ့ ဒီမိုကရေစီကျင့်စဉ် ကျင့်သုံးရေးအတွက် အခြေခံလိုအပ်ချက်တွေဖြစ်တယ်။**

> **အမှာစကားပြောကြား**
>
> ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲ အခမ်းအနားတွင် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး အမှာစကားပြောကြားစဉ်။
>
> (သတင်းစဉ်)

နိုင်ငံတော်အစိုးရဟာ နိုင်ငံရဲ့တာဝန်ကို စတင်ယူစဉ်ကတည်းက တိကျတဲ့ ရည်မှန်းချက်ပန်းတိုင်ချမှတ်ပြီး ခံယူရမည့် ဒို့တာဝန်အရေး(၃)ပါး၊ အကောင်အထည်ဖော်ရမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ချမှတ်ပြီး မမိုတ်မသုန် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ခဲ့တယ်။ ဒီကနေ့ နိုင်ငံတော်က ချမှတ်ထားတဲ့ ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ပြည်သူတို့နှင့်အတူ အောင်မြင်သည်အထိ အကောင်အထည်ဖော်သွားမှာ ဖြစ်တယ်။ ဒီလိုအကောင်အထည်ဖော်နေတဲ့ နိုင်ငံတော်တည်ဆောက်ရေးရဲ့ တူရူချက်ဟာ အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးဖြစ်တယ်။ အဲဒီတည်ဆောက်ရေးဟာ ပြည်ထောင်စုနိုင်ငံတော်နဲ့ မျိုးဆက်ပေါင်းများစွာတို့ရဲ့ သမိုင်းဖြစ်တယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါး ခံယူချက်ရှိသူတွေကသာ နိုင်ငံသမိုင်းကို တိုးတက်အောင် ဖန်တီးနိုင်မှာဖြစ်တယ်။ ပြည်ထောင်စုကို ကာကွယ်နိုင်မှာ ဖြစ်တယ်။ ဒို့တာဝန်အရေးသုံးပါးဟာ ပြည်ထောင်စုစိတ်ဓာတ်ရဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်”လို့ မိန့်ကြားခဲ့တယ်။

ကြိုးပမ်းဆောင်ရွက်

ဒီအချက်ဟာ ကျွန်တော်တို့အားလုံး နိုင်ငံတော်ကြီးကို ရည်မှန်းချက်ပန်းတိုင်ကိုရောက်အောင် အကောင်အထည်ဖော်သွားကြရာမှာ အလေးအနက်ယုံကြည်ခံယူကျင့်သုံးသွားရမည့် အချက်တွေဖြစ်တယ်။ မိမိပတ်ဝန်းကျင်နယ်မြေလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုရအောင်လည်း စည်းရုံးဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အသင်းဝင်များအနေနဲ့ နာယကကြီးရဲ့ လမ်းညွှန်ချက်နဲ့အညီ ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ အသင်းဝင်ကိုယ်စားလှယ်များအနေနဲ့ ပြည်နယ်၊ တိုင်းအသီးသီးရဲ့ ပကတိတိုးတက်မှုအခြေအနေတွေကို လက်တွေ့ မျက်မြင်လေ့လာ သိရှိကြပြီးဖြစ်တယ်။ ဒီတိုးတက်မှုတွေကို အခြေခံပြီး ပိုမိုတိုးတက်တဲ့ အခြေအနေကောင်းတွေဖြစ်အောင် မိမိနယ်မြေမှာရှိနေတဲ့ နယ်မြေလူထုနဲ့ ပူးပေါင်းအကောင်အထည်ဖော်သွားကြပါ။ ကျွန်တော်တို့အားလုံး မျှော်မှန်းထားတဲ့ အနာဂတ်နိုင်ငံတော်သစ်ကြီး ပုံဖော်တည်ဆောက်ရာမှာ နိုင်ငံတော်အကြီးအကဲများရဲ့ မှန်ကန်တဲ့လမ်းညွှန်ဦးဆောင်မှုနဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူအင်အားစုကြီးသုံးရပ် ကြိုးပမ်းအကောင်အထည်ဖော်နေမှုတွေမှာ အသင်းဝင်အားလုံး စွဲမြဲခိုင်မာတဲ့ ယုံကြည်ခံယူချက်နဲ့ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝနဲ့ ကျရာကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် အကောင်အထည်ဖော်သွားကြပါ။ တွေ့ကြုံရတဲ့ အခက်အခဲအနှောင့်အယှက်၊ အတားအဆီးမှန်သမျှကိုလည်း အသင်းကြီးရဲ့ စည်းလုံးညီညွတ်တဲ့အားနဲ့ တွန်းလှန်ကျော်လွှားပြီး ရည်မှန်းချက် ပန်းတိုင်ရောက်အောင်၊ ရအောင် ကြိုးပမ်းအကောင်အထည်ဖော်သွားကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားတွင် အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ရုံးသစ်အဆောက်အအုံ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ စက်ခလုတ်နှိပ် ဖွင့်လှစ်

ရန်ကုန် မေ ၉

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ရုံးသစ်အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မေ ၇ ရက် နံနက် ၁၁ နာရီက မကွေးမြို့ရှိ အဆိုပါရုံးသစ်အဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါ်ခင်မာထွန်း၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြတ်ငွေ၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စမ်းစမ်းမြင့်၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီလွင်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိတ်ဖက်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အစီအစဉ်အရ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ရုံးသစ်အဆောက်အအုံကို တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စမ်းစမ်းမြင့်နှင့် တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရုံးသစ်အဆောက်အအုံကို လှည့်လည်ကြည့်ရှုပြီး အစည်းအဝေးခန်းမ၌ မကွေးတိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

(ယာပုံ)

အားပေးစကားပြောကြား

ရှေးဦးစွာ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီလွင်က မကွေးတိုင်းရှိ အမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အမျိုးသမီးရေးရာအဖွဲ့ကြီးသည် မြန်မာနိုင်ငံ၏ အမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုသော အဖွဲ့ကြီးဖြစ်ကြောင်း၊ အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရေး၊ အမျိုးသမီးဘဝ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို မားမားမတ်မတ် ရပ်တည်ဆောင်ရွက်ပေးမည့် အဖွဲ့အစည်းကြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဤအသင်းကြီးတွင် အဆင့်ဆင့်၌ ဦးဆောင်မှုနေရာတွင် ပါဝင်ဆောင်ရွက်နေသူများသည် မိမိတို့၏အပေါ်၌ ကျရောက်လာသော တာဝန်အဖြစ် ခံယူ၍ လူမှုရေး အသိစိတ်ဓာတ် အပြည့်အဝဖြင့် ကြိုးစားလုပ်ကိုင်ကြစေလိုကြောင်း၊ အမျိုးသားရေး အသိစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံ၍ အမှန်တရားကို သိမြင်ပြီး မိမိ၏ကိုယ်ကျိုးကို စွန့်လွှတ် အနစ်နာခံ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အဖွဲ့တွင်လည်း အလွှာပေါင်းစုံမှ အမျိုးသမီးများ ပိုမိုပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိတ်ဖက်လူမှုရေး အသင်းအဖွဲ့များနှင့်လည်း ယခုထက် ပိုမိုပူးပေါင်း၍ အမျိုးသမီးထုကြီးဘဝ တိုးတက်မြင့်မားရေးတို့ကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးမှာကြားပြီး အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံ ကျိုတိုမြို့တွင် ကျင်းပခဲ့သော အာရှ-ဥရောပ အစည်းအဝေး (အေဆမ်)၏ (၇)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၉

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၂) ရပ်ကွက် မရမ်းခြံ မာလာရုံလမ်း အောင်သိဒ္ဓိမဟာမြိုင် ကျောင်းတိုက်တွင် ကျောင်းထိုင်ဆရာတော် အရှင်တိက္ခာစာရ ကြီးမှူး၍ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဆရာတော် (မင်းဘူး) အရှင်ပဏ္ဍိတ ဓမ္မာစရိယက နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ကို ကဆုန်လဆန်း ၉ ရက်မှ လပြည့်နေ့အထိ ခုနစ်ရက် တိုင်တိုင် ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညောင်ဦးခရိုင် မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များတွေ့ဆုံ

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညောင်ဦးခရိုင် မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီက ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌသည် ညောင်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့သို့ အရင်းမပျောက် မတည်ငွေကျပ် ငါးသောင်းကို ပေးအပ်ပြီး ညောင်ဦးခရိုင် မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာရှ-ဥရောပအစည်းအဝေး(အေဆမ်)တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ ကျိုတိုမြို့၌ မေ ၅ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သော အာရှ-ဥရောပ အစည်းအဝေး(အေဆမ်)၏ (၇)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Nobutake Odano၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် နိုင်ငံရေးရာဦးစီးဌာန အရှေ့တောင်အာရှဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလင်းဟန်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

10-5 (05).p65 1 3/25/05, 9:40 AM

ပြည်နယ်၊တိုင်းများမှ ညီအစ်ကိုမောင်နှမများ တစ်စိတ်တည်း တစ်ဝမ်းတည်း၊ တစ်သွေးတည်း တစ်သားတည်းရပ်တည်နေ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အန္တရာယ်ပြုလာသည့် ပြည်ပြေး စဝ်ခမ်ဖ၏လုပ်ရပ် လုံးဝလက်မခံနိုင်

ရန်ကုန် မေ ၉

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၈ ရက် နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် လဲချားမြို့ မြို့နယ်အားကစားကွင်း၌ကျင်းပရာ သဘာပတိ ဦးသြဝါဒ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–

အခုကျင်းပတဲ့ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးမှာ သဘာပတိအဖြစ် ဆောင်ရွက်ခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားရင်း တက်ရောက်လာကြတဲ့ သွေးချင်းသားချင်း တိုင်းရင်းသား ပြည်သူအပေါင်း ငြိမ်းချမ်းသာယာပါစေ၊ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ခံစားနိုင်ကြပါစေ၊ မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

တက်ရောက်လာကြတဲ့ ညီအစ်ကိုမောင်နှမများ ကြားသိကြပြီးဖြစ်သည့် အတိုင်း ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုဟာ ပြည်ပတစ်နေရာကနေပြီး ပြီးခဲ့တဲ့ ဧပြီလ ၁၇ ရက်နေ့မှာ ရှမ်းပြည်ယာယီအစိုးရကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်း သတင်း ထုတ်လွှင့် ကြေညာသွားခဲ့ပါတယ်။

အဲ့ဒီကြေညာချက်ဟာ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတွက် အန္တရာယ်အလွန်ကြီးမားတာကြောင့် ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါ တစ်စုကို နိုင်ငံတော်အစိုးရက ဧပြီလ ၁၉ ရက်နေ့မှာ မတရားအသင်းအဖြစ် ကြေညာခဲ့ပါတယ်။

အလားတူပဲ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနဲ့ ငြိမ်းချမ်းရေးအဖွဲ့များကလဲ ပြည်ပြေးစဝ်ခမ်ဖတို့ရဲ့ လုပ်ရပ်ကို လုံးဝလက်မခံဘဲ ဆန့်ကျင်ရှုတ်ချကြောင်း သဘောထားကြေညာ ချက်တွေကို အသီးသီးထုတ်ပြန်ကြေညာခဲ့ကြပါတယ်။

ထို့အတူပဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နှစ်ပရိစ္ဆေဒရှည်လျားစွာ အတူတကွ ပူးပေါင်းနေထိုင်လာကြတဲ့ တိုင်းရင်းသားမျိုးနွယ်စု တစ်ရာကျော် ပါဝင်တဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလဲ ပြည်ထောင်စုကြီး ဖရိုဖရဲနဲ့ ပြိုကွဲစေမယ့်လုပ်ရပ်ကို ကြံစည်လုပ်ဆောင်လာတဲ့ ပြည်ပြေးစဝ်ခမ်ဖတို့အဖွဲ့ရဲ့ ကြေညာချက်ကို လုံးဝလက်မခံဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိနေကြပါတယ်။

ကျွန်တော်တို့ လဲချားမြို့နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ပြည်သူများအနေနဲ့လဲ အခြားသော ပြည်နယ်၊တိုင်း အသီးသီးမှ တိုင်းရင်းသား ညီအစ်ကို မောင်နှမများနဲ့ တစ်စိတ်တည်းတစ်ဝမ်းတည်း၊ တစ်သွေးတည်း တစ်သားတည်း ရပ်တည်နေတာမို့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အန္တရာယ်ပြုလာတဲ့ ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုရဲ့လုပ်ရပ်ကို လုံးဝ လက်မခံနိုင်တာကြောင့် အခုလို လူထုအစည်းအဝေးပွဲကြီး စုဝေးကျင်းပပြီး ဆန့်ကျင်ရှုတ်ချရခြင်းပဲဖြစ်ပါတယ်။

ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–

ပြည်ပြေးစဝ်ခမ်ဖတို့အဖွဲ့ဟာ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခဲ့စဉ်မှာ သူတို့အဖွဲ့ကို ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်(၅၆)မြို့နယ်အနက် (၄၈)မြို့နယ်မှ ထောက်ခံခဲ့တယ်လို့လဲ မလိမ့်တပတ်နဲ့ လိမ်ညာပြီး ကြေညာသွားခဲ့တာကို ကြားသိလိုက်ရပါတယ်။

အမှန်တကယ်တော့ ပြည်ပြေးစဝ်ခမ်ဖတို့ ပြည်ထောင်စုဖြိုခွဲရေး ရည်ရွယ်ပြီး ကြေညာခဲ့တာကို ရှမ်းပြည်နယ်အတွင်းက ဘယ်မြို့နယ် ဘယ် တိုင်းရင်းသားတွေကမှ ကြိုတင်သိရှိခဲ့တာမဟုတ်သလို အားပေးထောက်ခံမှု ပြုခဲ့တာလဲမဟုတ်ပါဘူး။ နယ်ချဲ့လက်ပါးစေတွေက နယ်ချဲ့ရဲ့အလိုကျ တိုင်းပြည်နဲ့လူမျိုးကို ဒုက္ခပေးဖို့ လုပ်ဆောင်လာတာကို ကျွန်တော်တို့လို တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်ရှိတဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဘယ်ခေတ် ဘယ်အခါမှာမဆို လုံးဝလက်သင့်ခံမှာမဟုတ်ကြောင်း ဒီလူထု အစည်းအဝေးပွဲကြီးကနေ အတိအလင်း ကြေညာလိုက်ပါတယ်ခင်ဗျား။

ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–

ပြည်ပြေးစဝ်ခမ်ဖတို့အဖွဲ့ဟာ ပြောတော့မိုးလားကဲလား၊ လုပ်တော့ ကိုးရိုးကားရားဆိုသလိုပဲ မလိမ့်တပတ်လုပ်ရပ်နဲ့ လုပ်ဇာတ်ထွင်လာတာကို ကျွန်တော်တို့ လဲချားမြို့နယ်မှ ဒေသခံပြည်သူတချို့က ကိုယ်တွေ့ကြုံခဲ့ရပါ တယ်။ မရိုးမသား သူခိုးဓားပြကမ်းလုပ်နေတဲ့ ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါ တစ်စုရဲ့ မလိမ့်တပတ်နဲ့ အဓမ္မလုပ်ရပ်ကို မကျေနပ်တာမို့ အခုလို လူထုအစည်း အဝေးပွဲကြီးကျင်းပပြီး နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအား အသိသက်သေထားပြီး တိုင်တည်လိုက်ရခြင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီနေ့လူထုအစည်းအဝေးပွဲကြီးကို စိတ်တူကိုယ်တူ ညီညီ ညွတ်ညွတ်တက်ရောက်လာကြတဲ့ ညီအစ်ကိုမောင်နှမ တိုင်းရင်းသူတိုင်းရင်းသား များအနေနဲ့ ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုရဲ့ မှားယွင်းသောလုပ်ရပ်၊ မိုက်မဲသောလုပ်ရပ်၊ မလိမ့်တပတ်လုပ်ရပ်နဲ့ အဓမ္မလုပ်ရပ်တွေကို မိမိတို့ ကိုယ်တိုင် တွေ့ကြုံခံစား နားလည်ထားသမျှ ဖွင့်ဟပြောကြားရင်း ကျွန်တော်တို့ရဲ့ အမိမြေ ပြည်ထောင်စုကြီး အေးချမ်းသာယာအောင်၊ ခေတ်မီဖွံ့ဖြိုးတိုးတက် အောင် ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် ဆက်လက်ပြီး ပူးပေါင်း ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။



ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါ နောက်လိုက်များ၏ အတင်းအဓမ္မ ခေါ်ဆောင်စေခိုင်းချက်အရ လဲချား မြို့နယ် ဝမ်ပန်ကျေးရွာ၌ ပြည် ပြေး တို့၏ မ လိမ့် တ ပတ် ကျင်း ပ သော အခမ်းအနားတွင် ပြည် ပြေး တို့ အလိုကျ စင်မြင့် ပေါ်သို့ တက် ရောက်ခဲ့ ရသော ဝမ်ပန်ကျေးရွာ သီရိမင်္ဂလာကျောင်း ဆရာတော် စမ်းနော်(ခေါ်)ဦးတေဇိန္ဒက ဒေသခံ တိုင်းရင်းသားပြည်သူများနည်းတူ လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း ဝန်ခံပြောကြားစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

လေးရပ်ကွက်၊ မြို့မကျေးရွာ အုပ်စု၊ ဝမ်ဟိုင့်ကျေးရွာအုပ်စု၊ ဝမ်ဆန်း ကျေးရွာအုပ်စု၊ တတ်မောက်ကျေးရွာ အုပ်စုနှင့် ဝမ်စဲ့ကျေးရွာ အုပ်စုတို့မှ တိုင်းရင်းသား ပြည်သူများ၊ ပင်လုံ မြို့နယ်မှ တိုင်းရင်းသားပြည်သူများ စုစုပေါင်း အင်အား ၈၀၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနား မစတင်မီ နံနက် ၆ နာရီမှစတင်၍ တိုင်းရင်းသားပြည်သူ များသည် ရပ်ကွက်နှင့် ကျေးရွာ အုပ်စုအလိုက် ရပ်ကွက်နှင့်ကျေးရွာ အုပ်စု အမည်စာတန်းများ၊ ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါအဖွဲ့အား အလို မရှိ၊ ရှမ်းပြည်နယ်ခွဲထွက်ရန် အကြံ–ဒို့လက်မခံ၊ ပြည်ထောင်စုကြီးဖြိုခွဲသူ–ဒို့ရန်သူ၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး–ခိုင်မြဲပါစေ ဟူသော ကြွေးကြော်သံ စာတန်းများ ကိုင် ဆောင်ကြကာ လဲချားမြို့နယ် အား ကစားကွင်းအတွင်းသို့ စနစ်တကျ ဝင်ရောက်နေရာယူကြသည်။

ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါ တစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ အခမ်းအနားတွင် သဘာပတိအဖြစ် ဦးသြဝါဒက ဆောင်ရွက်ပြီး သဘာ ပတိ အဖွဲ့ဝင်များအဖြစ် ဦးမဟာဝံသ နှင့် ဦးထွန်းအေးတို့က ဆောင်ရွက်ကြ သည်။

အခမ်းအနားမှူးအဖြစ် ဒေါ်နန်းစု စုသွယ်က ဆောင်ရွက်ပြီး တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမြအေး က ဆောင်ရွက်ကာ အခမ်းအနားမှူးနှင့် တွဲဖက်အခမ်းအနားမှူးတို့က အခမ်း အနားအစီအစဉ်များကိုမြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ဖတ်ကြားကြေညာ ကြသည်။

ထို့နောက် အခမ်းအနားသဘာပတိ နှင့် သဘာပတိ အဖွဲ့ဝင်များသည် စင်မြင့်ပေါ်ရှိ သတ်မှတ်နေရာအသီးသီး ၌ နေရာယူကြပြီး သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များနှင့် ပရိသတ် များက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ယင်းနောက် အခမ်းအနားမှူးက သဘာပတိ၏ခွင့်ပြုချက်အရ ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်း ပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ အခမ်းအနားကို စတင်ကြောင်း ကြေညာသည်။

အခမ်းအနား အစီအစဉ်အရ သဘာပတိ ဦးသြဝါဒက အဖွင့် မိန့်ခွန်း ပြောကြားသည်။

(သဘာပတိ ဦးသြဝါဒ၏ အဖွင့် မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြ ထားပါသည်။)

ထို့နောက် "ပြည်ပြေးစဝ်ခမ်ဖ နှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာခြင်းအား လဲချား မြို့နယ်မှ ဒေသခံတိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲ နက် ဆန့်ကျင်ရှုတ်ချကြောင်း" အဆို ကို လဲချားမြို့နယ် ဝမ်ဟိုင့်ကျေးရွာ အုပ်စု ဝမ်ပန်ကျေးရွာမှ ဦးစိုင်းသန်းစိန် က တင်သွင်းဆွေးနွေးသည်။

(ဦးစိုင်းသန်းစိန်၏ အဆို တင်သွင်းချက်အပြည့်အစုံကို သီးခြား ဖော်ပြထားပါသည်။)

ယင်းနောက် လဲချားမြို့နယ် ဝမ်ဆန်းကျေးရွာအုပ်စု ကောင်းခံ ကျေးရွာမှ ဒေါ်နန်းခမ်းလောဝ်က အဆိုရှင်တင်သွင်းသွားသော "ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်း ပြည်နယ်ခွဲထွက်ရန် ကြေညာခြင်း အား လဲချားမြို့နယ်မှ ဒေသခံတိုင်းရင်း သားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုပထမပိုင်းကို ထောက်ခံဆွေးနွေး သည်။

စာမျက်နှာ ၁၄ ကော်လံ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသော တိုင်းရင်းသားအဖွဲ့ ၁၀ ဖွဲ့ ကိုယ်စား ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) ခွဲထွက် (ဝမ်ယိမ်း)ဥက္ကဋ္ဌ ဦးမောင်လှက ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချကြောင်း နှင့် ယခုအခမ်းအနား၌ အဆိုတင်သွင်းခြင်း၊ ထောက်ခံ ဆွေးနွေးခြင်းတို့ကို လှိုက်လှဲစွာ ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါနောက်လိုက်များ၏ အတင်းအဓမ္မ ခေါ်ဆောင်စေခိုင်းချက်အရ လဲချားမြို့နယ် ဝမ်ပန်ကျေးရွာ၌ ပြည်ပြေးတို့၏ မလိမ့်တပတ်ကျင်းပသော အခမ်းအနားတွင် ပြည်ပြေး တို့အလိုကျ စင်မြင့်ပေါ်သို့ တက်ရောက်ခဲ့ရသော တတ်မောက်ကျေးရွာနေ ဦးစိုင်းတွိက ဒေသခံတိုင်းရင်း သားပြည်သူများနည်းတူ လုံးဝလက်မခံ၊ ဆန့်ကျင် ရှုတ်ချကြောင်း ဝန်ခံပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါနောက်လိုက် များ၏ အတင်းအဓမ္မ ခေါ်ဆောင်စေခိုင်းချက်အရ လဲချားမြို့နယ် ဝမ်ပန်ကျေးရွာ၌ ပြည်ပြေးတို့၏ မလိမ့်တပတ်ကျင်းပသော အခမ်းအနားတွင် ပြည်ပြေး တို့အလိုကျ စင်မြင့်ပေါ်သို့ တက်ရောက်ခဲ့ရသော ဝမ်ဟိုင့်ကျေးရွာအုပ်စု ဝမ်ပန်ကျေးရွာနေ ဦးဇဝနက ဒေသခံ တိုင်းရင်းသားပြည်သူများနည်းတူ လုံးဝ လက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း ဝန်ခံပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါ နောက်လိုက် များ၏ အတင်းအဓမ္မ ခေါ်ဆောင်စေခိုင်းချက်အရ လဲချားမြို့နယ် ဝမ်ပန်ကျေးရွာ၌ ပြည်ပြေးတို့၏ မလိမ့်တပတ်ကျင်းပသော အခမ်းအနားတွင် ပြည်ပြေး တို့အလိုကျ စင်မြင့်ပေါ်သို့ တက်ရောက်ခဲ့ရသော နောင်ယာဆိုင်းကျေးရွာနေ ဦးနန္ဒော (ခေါ်) ဦးလုံးဟိန် တောက ဒေသခံတိုင်းရင်းသားပြည်သူများနည်းတူ လုံးဝလက်မခံ၊ ဆန့်ကျင် ရှုတ်ချကြောင်း ဝန်ခံ ပြောကြားစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် ၅၆ မြို့နယ်အနက် ၄၈ မြို့နယ်က ထောက်ခံတယ်ဆိုတာ ကမ္ဘာကိုလိမ်ညာလှည့်ဖြား ဝါဒဖြန့်တာဖြစ် ပြည်ထောင်စုပြိုကွဲအောင်၊ ရှမ်းပြည်နယ် မွဲပြာကျပြီး သွေးချောင်းစီးအောင် နယ်ချဲ့သမားရေးထားတဲ့ ဇာတ်ညွှန်းဇာတ်ကွက်အတိုင်း လှုပ်ရှားကပြလာတဲ့ နယ်ချဲ့ဩဇာခံ ရုပ်သေးရုပ်တွေရဲ့လုပ်ရပ်သာဖြစ်

ရန်ကုန် မေ ၉

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၈ ရက် နံနက် ၈နာရီခွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)လွိုင်လင်ခရိုင် လဲချားမြို့နယ် လဲချားမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ လဲချားမြို့နယ် ဝမ်ဟိုင့်ကျေးရွာအုပ်စု ဝမ်ပန်ကျေးရွာမှ ဦးစိုင်းသန်းစိန်က"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လဲချားမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို အောက်ပါအတိုင်း တင်သွင်းသွားသည်။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့တကွ လဲချားမြို့နယ်မှ တိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား–

ကျွန်တော်ကတော့ လဲချားမြို့နယ် ဝမ်ဟိုင့်ကျေးရွာအုပ်စု ဝမ်ပန်ကျေးရွာမှ ဦးစိုင်းသန်းစိန် ဖြစ်ပါတယ်။ ဒီနေ့ကျင်းပတဲ့ လူထုအစည်းအဝေးပွဲကြီးမှာ ကျွန်တော့်အနေနဲ့ "ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လဲချားမြို့နယ်မှ တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ ရှမ်းပြည်နယ် ဤဒေသမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ပြည်သူများဟာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ရှေးအစဉ်အဆက်ကတည်းက ရိုးသားဖြူစင်စွာ အသက်မွေးဝမ်းကျောင်း နေထိုင်ကြသူများ ဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားတွေရဲ့ ပင်ကိုဆန္ဒသဘောထားကတော့ အေးချမ်းသာယာစွာ နေထိုင်လိုကြတယ်။ တိုင်းရင်းသားအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ရှိချင်ကြတယ်။ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် လက်တွဲမဖြုတ်စတမ်း နေထိုင်လိုသူများဖြစ်ကြပါတယ်။

မျက်မှောက်ခေတ်မှာ အမျိုးသားပြန်လည် စည်းလုံးညီညွတ်မှုကို ရှေးရှုဦးတည် ဆောင်ရွက်နိုင်ခဲ့တာမို့ ကျွန်တော်တို့ရှမ်းပြည်နယ်မှာလဲ အခြားပြည်နယ်၊ တိုင်းများနည်းတူ အေးချမ်းတည်ငြိမ်မှု၊ ငြိမ်းချမ်းသာယာမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း၊ အလားအလာကောင်းတွေနဲ့ ပြည့်လျှမ်းလာခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ လဲချားမြို့နယ်တည်ရှိနေတဲ့ဒေသဟာ ပြည်ထောင်စုစိတ်ဓာတ် စတင်သန္ဓေတည်ရာ ပင်လုံဒေသတွင်းမှာ ပါဝင်လျက်ရှိပါတယ်။ နိုင်ငံတော်က ပြည်ထောင်စုကြီးတစ်ခုလုံး၊ နယ်မြေဒေသအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဒေသကြီး (၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိတာမို့ ကျွန်တော်တို့ လဲချားမြို့နယ်ဟာလဲ အခြားမြို့နယ်များနည်းတူ ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။

နိုင်ငံတော်က ပြည်ထောင်စုကြီးရဲ့ ဘူမိနက်သန် ပင်လုံဒေသမှာ ပင်လုံတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နဲ့ အစိုးရကွန်ပျူတာကောလိပ်တွေ တည်ထောင်ဖွင့်လှစ်ပေးထားလို့ လဲချားမြို့နယ်မှ တိုင်းရင်းသားလူငယ်မောင်မယ်တွေ အဆင့်မြင့်ပညာ၊ သိပ္ပံနဲ့ နည်းပညာတွေကို အိုးမကွာအိမ်မကွာ သင်ယူနိုင် နေပြီဖြစ်ပါတယ်။ လွိုင်လင်မှာလည်း ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို တိုးချဲ့တည်ဆောက်ပေးထားတဲ့အတွက် ကျန်းမာရေးအတွက် စိတ်အေးနေရပြီ ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ဒေသရဲ့ ထင်သာမြင်သာတဲ့ ဖွံ့ဖြိုးတိုးတက်မှုသာဓကအချို့ပဲ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုကြီး အေးချမ်းဖွံ့ဖြိုးလာသလို ကျွန်တော်တို့ရဲ့ ဒေသလဲ တစ်ပြေးညီ လိုက်ပါတိုးတက်လာတာမို့ ဝမ်းသာပီတိဖြစ်နေချိန်မှာပဲ စဝ်ခမ်ဖဆိုသူ စော်ဘွားအနွယ် ပြည်ပြေးက ရှမ်းပြည်အစိုးရ၊ ရှမ်းပြည်သမ္မတဆိုပြီး

> "ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါ တစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လဲချားမြို့နယ်မှ ဒေသခံတိုင်း ရင်း သား ပြည် သူ များက လုံးဝ လက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို လဲ ချား မြို့ နယ် ဝမ်ဟိုင့်ကျေးရွာအုပ်စု ဝမ်ပန်ကျေးရွာမှ ဦးစိုင်းသန်းစိန် တင်သွင်း ဆွေးနွေးစဉ်။

(သတင်းစဉ်)

ပြည်ပြေးနှစ်ယောက်တစ်ပိုင်းနဲ့ စင်ပြိုင်အစိုးရထူထောင်တဲ့ သတင်းဆိုးကြောင့် ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားတွေ စိတ်ပျက်လက်ပျက်နဲ့ ဒေါသထွက်ခဲ့ကြရပါတယ်။

ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုရဲ့ တိုင်းဆူပြည်ဖျက် ကြေညာချက်ကို ကျွန်တော်တို့ လုံးဝလက်မခံပါဘူး။ ကျေလဲ မကျေနပ်ပါဘူး။ လဲချားမြို့နယ်က ဒေသခံတိုင်းရင်းသားတွေအနေနဲ့ မကျေနပ်ချက် ပိုပြီးပြင်းထန်ခဲ့တာကတော့ ပြည်ပြေး စဝ်ခမ်ဖ၊ ဘိန်းဓားပြ SSA ရွက်ဆစ်နဲ့ လက်အောက်ခံ SSA မိန်းဆင် ဦးစီးတဲ့ (၇၅၈) တပ်ဖွဲ့တို့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းပြီး မလိမ့်တပတ်အဓမ္မလုပ်ရပ်နဲ့ ကျွန်တော်တို့ကို ခုတုံးလုပ် အသုံးချသွားလို့ပဲ ဖြစ်ပါတယ်။

လဲချားမြို့နယ်မှ ရှမ်းတိုင်းရင်းသားတွေဟာ နှစ်စဉ် နှစ်ဆန်းရက်တွေမှာ နတ်စင်ပူဇော်ပွဲ လုပ်လေ့ရှိကြပါတယ်။ အဲ့ဒီရက်တွေကို အခွင့်ကောင်းယူပြီး ဝမ်လေအုပ်စု ဝမ်ပန်ကျေးရွာမှာ အစည်းအဝေးရှိတယ်၊ တစ်အိမ်တစ်ယောက် တက်ကြပါလို့ ဖိတ်ကြားလာပါတယ်။ ရိုးသားတဲ့ ဒေသခံရွာသူရွာသားတွေဟာ ဘာအစည်းအဝေးမှန်းသိကြတာ မဟုတ်ပါဘူး။ အစိုးရတာဝန်ရှိတဲ့ပုဂ္ဂိုလ်၊ အဖွဲ့အစည်းက ခေါ်တာမှတ်ပြီး သွားခဲ့ကြတာ ဖြစ်ပါတယ်။ အစည်းအဝေးမှာ ကျေးရွာလူထု ငါးရာ၊ ခြောက်ရာလောက် စုမိပါတယ်။ အစည်းအဝေးလုပ်မယ့်နေရာက နတ်စင်နဲ့ နီးကပ်နေတာမို့ ကျေးရွာလူထုတွေက နတ်စင်ကို သွားရောက်ပူဇော်ခဲ့ကြတာဖြစ်ပါတယ်။

ကျေးရွာလူထုတွေ စုဝေးရောက်ရှိတာနဲ့ အရပ်ဝတ် ဝတ်ပြီး ပုံဖျက်ထားတဲ့ SSA အကြမ်းဖက်သောင်းကျန်းသူ ၅၀ လောက် လက်နက်ကိုယ်စီနဲ့ ပုန်းနေရာကထွက်လာပြီး လူထုကို ဝိုင်းပတ်စောင့်ကြပ်ထားလိုက်ပါတယ်။ အဲဒီလို လူထုကို မလူးသာမလွန့်သာအောင် ဝိုင်းပတ်ထားပြီးမှ သံဃာတော်တစ်ပါးနဲ့ ရွာလူကြီးကို စင်ပေါ်အတင်းအဓမ္မတက်ခိုင်းပြီး ပြည်ပြေးစဝ်ခမ်ဖ ခေါင်းဆောင်တဲ့ ရှမ်းသမ္မတနိုင်ငံ ထူထောင်လိုက်ပြီလို့ ကြေညာခဲ့တာပဲဖြစ်ပါတယ်။ ကျေးရွာလူထုအနေနဲ့ ဘာမှကြိုတင်သိမထားဘဲ သူတို့ထိုင်ခိုင်းတဲ့နေရာမှာထိုင်၊ သူတို့ပြောသမျှ ဆိုသမျှကို နားထောင်ပြီး စကားတစ်ခွန်းတလေမျှ ပြန်လည်ဖွင့်ဟပြောဆိုခွင့်မရဘဲ ဘုမသိဘမသိနဲ့ ပြန်လာခဲ့ကြရတာပဲ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အခုတင်ပြခဲ့တဲ့ အကြောင်းအချက်တွေဟာ ကျွန်တော်တို့ ကိုယ်တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်မှန်ပဲဖြစ်ပါတယ်။ ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါ တစ်စုရဲ့ အဲဒီလို မလိမ့်တပတ်နဲ့ အဓမ္မလုပ်ရပ်ကို လဲချားမြို့နယ်မှ ဒေသခံတိုင်းရင်းသား ပြည်သူအားလုံးက လုံးဝမကျေနပ်ပါဘူး။

ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်နဲ့ နန်းဟိန်းခမ်းတို့ရဲ့သား ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါလေးငါးယောက်ဟာ ရှမ်းပြည်နယ်မှ ဘယ်မြို့နယ်၊ ဘယ်တိုင်းရင်းသား တစ်ဦးတစ်ယောက်ရဲ့ သဘောထားဆန္ဒမပါဘဲ သူတို့ဟာ သူတို့ ရှမ်းပြည်အစိုးရဆိုတာကို ထဖွဲ့ခဲ့တာပဲဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ ရှိတဲ့ ၅၆မြို့နယ်အနက် ၄၈ မြို့နယ်က သူတို့ကို ထောက်ခံတယ်ဆိုတာ ကမ္ဘာကို လိမ်ညာလှည့်ဖြားပြီး ဝါဒဖြန့်နေတာပဲ ဖြစ်ပါတယ်။ သူတို့ကို ထောက်ခံတယ်ဆိုတဲ့ ၄၈ မြို့နယ်ဆိုတာ ဝေလာဝေး၊ ကျွန်တော်တို့ရဲ့ လဲချားမြို့နယ်ထဲက ကျေးရွာအုပ်စုလေးတစ်ခုကိုတောင် ကလိမ်စေ့ငြမ်းဆင် ဇာတ်ကွက်ထွင်ပြီး သူတို့ကို ထောက်ခံသယောင် လိမ်ညာလုပ်ဆောင်သွားခဲ့တာပဲ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုရဲ့ ရှမ်းပြည်နယ်ခွဲထွက်ရေး ကြေညာချက်ကို ကျွန်တော်တို့ လဲချားမြို့နယ်က လက်မခံသလို တစ်နိုင်ငံလုံးကလဲ လက်မခံပါဘူး။ အလားတူပဲ ကမ္ဘာကလဲ လက်မခံပါဘူး။ ရှမ်းစော်ဘွားအချို့ရဲ့ လုပ်ရပ်တွေကို ခါးစည်းခံခဲ့ရတဲ့ ကျွန်တော်တို့လို ပြည်နယ်သူပြည်နယ်သားတွေက ပိုလို့တောင် လက်ခံမှာမဟုတ်ဘူးလို့ သေချာပေါက်ပြောရဲပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ရှမ်းစော်ဘွားတွေဟာ နယ်ချဲ့ကျူးကျော်ရေးသမားတွေကို ရှမ်းပြည်နယ်ဆီရောက်အောင် ဖိတ်ခေါ်ကြိုဆိုလာခဲ့သူတွေဖြစ်တယ်။ ပြည်နယ်အတွင်းမှာ ဒေသခံတိုင်းရင်းသားတွေကို လေးကောင်ဂျင်၊ ဖဲဝိုင်း၊ ၃၆ ကောင်စတဲ့ လောင်းကစားတွေနဲ့ ယစ်မူး မွဲပြာကျစေပြီး သူတို့ကတော့ လောင်းကစားခွန်တွေ တနင့်တပိုး ကောက်ယူခဲ့ကြတယ်။

သဿမေဓ၊ လယ်ခွန်မြေခွန်၊ ဝါးခွန်၊ ငှက်ပျောခွန်မှအစ အခွန်အမျိုးမျိုးကို နည်းလမ်းအဖုံဖုံနဲ့ ကောက်ယူခဲ့ကြတယ်။ ဆင်ဝယ်ရန်၊ ဟော်နန်းဆောက်ရန်၊ မန္တလေးသွားရန် စသဖြင့် အကြောင်းအမျိုးမျိုးပြပြီး ၎င်းတို့ကိုယ်ကျိုးအတွက် အတိုင်းအဆမရှိ သုံးစွဲခဲ့ကြပါတယ်။ စော်ဘွားတွေရဲ့ သားသမီးတွေ မွေးတာနဲ့ ရွှေလင်ပန်းနဲ့ အချင်းဆေးသည်ကအစ ပတ်ပတ်လည်မှာ အထိန်းတော် အချော့တော်တွေ ဝိုင်းရံထားကာ လက်ဖက်တင်ပွဲ၊ ကင်ပွန်းတပ်ပွဲ၊ ရှင်ပြုနားသပွဲ စတာတွေကို တစ်ပွဲပြီးတစ်ပွဲလုပ်ဖို့ ရှမ်းပြည်နယ်လူထုထံမှ ငွေတွေတောင်းခံပြီး လုပ်ခဲ့ကြတာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူလူထုထံမှ အခွန်အကောက်မျိုးစုံကို ကောက်ခံ ရယူခဲ့ပေမယ့် ပြည်သူလူထုကောင်းကျိုးအတွက် ကျောင်းတစ်ကျောင်း၊ တံတားတစ်စင်း၊ ရေတွင်းတစ်တွင်း တူးဖော်ဖောက်လုပ်ပေးခဲ့ခြင်း အလျှင်းမရှိခဲ့ပါဘူး။ လူထုထံမှ ရသမျှငွေများဖြင့် ၎င်းတို့ရဲ့ သားသမီးတွေကို နိုင်ငံရပ်ခြားရှိ ကောင်းပေ့ညွှန့်ပေ့ဆိုတဲ့ ကျောင်းတွေမှာ ပညာသင်ဖို့ စေလွှတ်ခဲ့ကြပါတယ်။ ဒေသခံပြည်သူများ ဖွံ့ဖြိုးရေးအတွက်ဆိုပြီး ရှမ်းစော်ဘွားတွေဟာ ရေအိုးစင်တစ်စင်ကိုတောင် လူလူသူသူ ထူထောင်ပေးခဲ့တာ မဟုတ်ကြောင်း သမိုင်းအထောက်အထားတွေအရ အထင်အရှား တွေ့ရှိနိုင်ပါတယ် ခင်ဗျား။

အခုလဲ စော်ဘွားအနွယ်တစ်စုက ရှမ်းပြည်နယ်မှ တိုင်းရင်းသား ပြည်သူတွေကို အတိဒုက္ခပေးဖို့ တစ်ကျော့ပြန်ခေါင်းထောင်ထလာပြီး စင်ပြိုင်အစိုးရဆိုတာကို ဖွဲ့လာပြန်တာဖြစ်ပါတယ်။ ဒါဟာ ပြည်ထောင်စုပြိုကွဲအောင်၊ ရှမ်းပြည်နယ် မွဲပြာကျပြီး သွေးချောင်းစီးအောင် နယ်ချဲ့သမားရေးထားတဲ့ ဇာတ်ညွှန်းဇာတ်ကွက်အတိုင်း ခြေလှုပ်လက်လှုပ် လှုပ်ရှားကပြလာတဲ့ နယ်ချဲ့ဩဇာခံ ရုပ်သေးရုပ်တွေရဲ့ လုပ်ရပ်သာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

သမိုင်းအစဉ်အဆက်မှာ တိုင်းပြည်ကလဲလက်မခံ၊ တိုင်းရင်းသားပြည်သူများကလဲ လုံးဝမလိုလားသော ပြည်ထောင်စုဖြိုခွဲရေးလုပ်ရပ်ကို ပူးပေါင်းလုပ်ဆောင်လာတဲ့ **"ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား လဲချားမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ကိုယ်စား တင်သွင်းလိုက်ရပါတယ်ခင်ဗျား။ ။

> ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုရဲ့ ရှမ်းပြည်နယ် ခွဲထွက်ရေးကြေညာချက်ကို လဲချားမြို့နယ်က လက်မခံသလို တစ်နိုင်ငံလုံး ကလဲ လက်မခံပါဘူး။ အလားတူပဲ ကမ္ဘာကလဲ လက်မခံပါဘူး။

တစ်နိုင်ငံလုံးရဲ့ ပဲ့တင်သံ

* ပြည်ထောင်စုကခွဲထွက်
ကွဲအက်မယ့်အကြံ၊ ဒို့လက်မခံ...။
* ပြည်ထောင်စုကိုကျောခိုင်း
ရိုင်းစိုင်းတဲ့အကြံ၊ ဒို့လက်မခံ...။
* ပြည်ထောင်စုကိုခွဲခြား
လွဲမှားတဲ့အကြံ၊ ဒို့လက်မခံ...။
* ပြည်ထောင်စုသည်၊ ဒို့ရွှေပြည်...။
* ပြည်ထောင်စုကား၊ ဒို့နှလုံးသား...။
* ပြည်ထောင်စုအရေး၊ ဒို့အသက်သွေး...။
* ပင်လုံမြေမှ၊ စ၍သန္ဓေတည်
ချစ်ကြည်ရင်းစွဲ၊ လက်တွဲမဖြုတ်
ခလုတ်တံသင်း၊ အတူရှင်းခဲ့
ကျဉ်းမြောင်းစွာတွေး၊ လူမျိုးရေးအမြင်
ဒို့မမြင်ဘူး၊ ဆင်ခြင်နှိုင်းဆ
သံသယမရှိ၊ ပကတိဖြူစင်
သံယောဇဉ်သည်၊ ပြည်ထောင်တစ်ဝန်း
တောင်တန်းမြေပြန့်၊ အနှံ့မြန်မာပြည်
တူညီမြဲမြံ၊ သန္နိဋ္ဌာန်ဖြင့်...။
"ရာသက်ပန်အတူတကွ၊ နေသွားကြမည်"
သူကတစ်မျိုး၊ ငါတစ်မျိုးမှု
သူတစ်လူငါတစ်မင်း၊ ခွဲထွက်ခြင်းအကြံ
ဒို့လက်မခံ...
"တစ်နိုင်ငံလုံးက ကန့်ကွက်သည်"။ ။

ဟသ်ာတမြင့်ဆွေ

ပြည်ထောင်စုကြီးကို မည်သို့သောပြည်တွင်းပြည်ပအဖျက်သမားတွေကမျှ ဖဲ့ထုတ်ယူ၍ ရမည်မဟုတ် တိုင်းရင်းသားအားလုံး ကျောချင်းကပ် ရင်ချင်းအပ်ပြီး ရန်စွယ်အန္တရာယ်အသွယ်သွယ်ကို တွန်းလှန်ဖယ်ရှား

ရန်ကုန် မေ ၉

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၈ရက် နံနက် ၈နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် လဲချားမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ လဲချားမြို့နယ် ဝမ်ဆန်းကျေးရွာအုပ်စု ကောင်းခံကျေးရွာမှ ဒေါ်နန်းခမ်းလောဝ်က "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား လဲချားမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို အောက်ပါအတိုင်း ထောက်ခံဆွေးနွေးသွားသည်။

"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လဲချားမြို့နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း" အဆို ပထမပိုင်းကို လဲချားမြို့နယ် ဝမ်ဆန်း ကျေးရွာအုပ်စု ကောင်းခံကျေးရွာမှ ဒေါ်နန်းခမ်းလောဝ်က ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)

ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုက ပဒေသရာဇ်ခေတ်ဆီသို့ နောက်ကြောင်းပြန်လှည့်ပြီး ပြည်ထောင်စုကြီးမှ ရှမ်းပြည်နယ်ခွဲထွက်ရန် ရည်ရွယ်လုပ်ဆောင်ချက်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့အတူ လဲချားဒေသမှ ပြည်သူလူထုက လုံးဝလက်သင့်မခံသလို ပြည်ပြေး စစ်ခမ်ဖ နဲ့ အပေါင်းပါတစ်စုရဲ့ ခုတုံးလုပ် အသုံးချမှုကိုလဲ လုံးဝမကျေနပ်ကြောင်း ပြောကြားလိုပါတယ်။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့တကွ လူထုအစည်းအဝေးပွဲကြီးသို့ တက်ရောက်လာကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများရှင့်–

ကျွန်မကတော့ လဲချားမြို့နယ် ဝမ်ဆန်းကျေးရွာအုပ်စု ကောင်းခံကျေးရွာမှ ဒေါ်နန်းခမ်းလောဝ်ဖြစ်ပါတယ်။

အဆိုရှင် ဦးစိုင်းသန်းစိန် တင်သွင်းသွားတဲ့ "ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လဲချားမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးရှင့်–

ကျွန်မတို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားမျိုးနွယ်စု(၁၀၀)ကျော် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး စုစည်းနေထိုင်လာခဲ့တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်ပါတယ်။ ကျွန်မတို့ တိုင်းရင်းသားတွေဟာ နယ်ချဲ့သမားတွေရဲ့ နှစ်ပေါင်း (၁၀၀)ကျော် သွေးခွဲအုပ်ချုပ်မှုပယောဂကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဖယ်ရှားပြီး မြန်မာ့လွတ်လပ်ရေးကို အတူတကွ ပြန်လည်ရယူခဲ့ကြသူတွေ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်မတို့ ချစ်ခင်မြတ်နိုးတဲ့ ပြည်ထောင်စုကြီးကို မည်သို့သော ပြည်တွင်းပြည်ပ အဖျက်သမားတွေကမျှ ဖဲ့ထုတ်ယူလို့ ရမှာမဟုတ်ဘူး။ ကျွန်မတို့ တိုင်းရင်းသား သွေးချင်းသားချင်း အားလုံးက ကျောချင်းကပ် ရင်ချင်းအပ်ပြီး ပြည်တွင်းပြည်ပ ရန်စွယ် အန္တရာယ်အသွယ်သွယ်ကို တွန်းလှန်ဖယ်ရှားသွားမှာဖြစ်ကြောင်း ပဏာမပြောကြားလိုက်ပါတယ်ရှင့်။

သဘာပတိကြီးရှင့်–

မျက်မှောက်ခေတ်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးပဲ ဖြစ်ပါတယ်။ လွန်ခဲ့သော နှစ်(၁၀၀)ကျော်ကာလက ရှိခဲ့ဖူးတဲ့ ပဒေသရာဇ်ခေတ်နဲ့ ကိုလိုနီနယ်ချဲ့ခေတ်ကို ကျွန်မတို့ အားလုံး နောက်ကြောင်းပြန်လှည့်မှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့ ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုက ပဒေသရာဇ်ခေတ်ဆီသို့ နောက်ကြောင်းပြန်လှည့်ပြီး ပြည်ထောင်စုကြီးမှ ရှမ်းပြည်နယ်ခွဲထွက်ရန် ရည်ရွယ်လုပ်ဆောင်ချက်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့အတူ လဲချားဒေသမှ ပြည်သူလူထုက လုံးဝလက်သင့်မခံသလို ပြည်ပြေး စဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုရဲ့ ခုတုံးလုပ် အသုံးချမှုကိုလဲ ကျွန်မတို့က လုံးဝမကျေနပ်ကြောင်း ပြောကြားလိုပါတယ်။

ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုရဲ့လုပ်ရပ်ကို ထောက်ခံသူက ကျွန်မတို့ တိုင်းရင်းသားပြည်သူတွေမဟုတ်ပါဘူး။ အာဏာစွန့်လိုက်ရတဲ့ စော်ဘွားတွေ ၁၉၅၈ခုနှစ် ကာလကတည်းက သွေးထိုးလှုံ့ဆော်ခဲ့လို့ ယနေ့ထိတိုင် သက်ဆိုးရှည်နေတဲ့ SSA ရှက်ဆစ် သူ့လက်အောက်က မိန်းဆင် ဦးစီးတဲ့ (၇၅၈)တပ်ဖွဲ့မှ အကြမ်းဖက်သောင်းကျန်းသူတွေပဲ ဖြစ်ပါတယ်။

သဘာပတိကြီးရှင့်–

ရှမ်းပြည်နယ်မှာ ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ်နဲ့ ရှမ်းသောင်းကျန်းမှု ပေါ်ပေါက်အောင် ပုံဖော်ပေးခဲ့သူတွေထဲမှာ အခုတစ်စင်ထောင်လာတဲ့ ပြည်ပြေးစဝ်ခမ်ဖရဲ့အမေ မဟာဒေဝီနန်းဟိန်းခမ်းဟာ အဓိကလှုံ့ဆော်ဆောင်ရွက်ခဲ့သူပဲ ဖြစ်ပါတယ်။ ရှမ်းသောင်းကျန်းမှု ပေါ်ပေါက်ချိန်ကစပြီး ကျွန်မတို့ ရှမ်းပြည်နယ်မှ တိုင်းရင်းသား ပြည်သူတွေဟာ အတိ ဒုက္ခမျိုးစုံနဲ့ ကြုံတွေ့ခဲ့ရတာဖြစ်ကြောင်း အခုလူထုအစည်းအဝေးပွဲကြီးကို တက်ရောက်လာတဲ့ သွေးချင်းသားချင်းတွေ ကိုယ်တွေ့မျက်မြင်ပဲဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ရပ်ရွာဒေသ၊ ကျွန်မတို့ရဲ့ ဘဝကတော့ SSA ရှက်ဆစ်နဲ့ သူ့လက်အောက်ခံ မိန်းဆင်တို့ရဲ့ အဓမ္မလုပ်ရပ်ကို အကြောက်တရားနဲ့ လိုက်လျောနေရတာ ကြာခဲ့ပါပြီ။ ဆက်ကြေးကောက်ရင်လဲ ပေးရ၊ ထမင်းထုပ် တောင်းရင်လဲ ကျွေးရ၊ နောက်ဆုံး သမီးတောင်းရင်တောင် ရှောင်လွှဲလို့မရဘဲ ပေးခဲ့ကြရတာပါပဲ။

သဘာပတိကြီးရှင့်–

ပြီးခဲ့တဲ့ တစ်လလောက်ကပဲ ကျောက်တန်းရွာဘက်မှ ထိတစ်ခုရွာ၊ နောင်တေးရွာ၊ မုန်းလွတ်ရွာနဲ့ ပန်မိုင်ရွာက လူနေအိမ်တွေနဲ့ စာသင်ကျောင်းတွေကို SSA စိုင်းချစ်တို့အဖွဲ့က မီးတင်ရှို့လို့ ရပ်ရွာလူထုတွေ အိုးမဲ့အိမ်မဲ့ဘဝနဲ့ ဒုက္ခရောက်ခဲ့ကြရပါတယ်။ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ဝေးရာကို ပြေးကြရလို့ စားစရာလဲနတ္ထိ၊ နေစရာလဲမရှိ ဖြစ်ခဲ့ကြရပါတယ်။ ရှမ်းပြည်နယ်လွတ်မြောက်ရေး၊ ရှမ်းလူမျိုးကောင်းစားရေး ကြွေးကြော်ပြီး ကိုယ်ကျိုးရှာ အမြတ်ထုတ်နေတဲ့ အကြမ်းဖက်သမားတွေရဲ့ လောင်းရိပ်အောက်မှာ ကျွန်မတို့တစ်တွေဟာ အသက်ကိုဖက်နဲ့ထုပ်သလို နေခဲ့ရတာ ဖြစ်ပါတယ်။ တပ်မတော်စစ်ကြောင်းနဲ့ တာဝန်ရှိသူတွေက ရိက္ခာနဲ့ အဝတ်အထည်တွေ ထောက်ပံ့ပေးလှူ ကူညီလို့သာ အဲဒီရွာက တိုင်းရင်းသားပြည်သူတွေ အသက်ရှုချောင်ခဲ့ရတာ ဖြစ်ပါတယ်။

သဘာပတိကြီးရှင့်–

အဲဒီလို ပြည်နယ်သူပြည်နယ်သားတွေကို ဒုက္ခလှလှကြီးပေးနေတဲ့ SSA ဘိန်းဓားပြသောင်းကျန်းသူတွေနဲ့ ပုလင်းတူဘူးဆို့လုပ်လာတဲ့ ပြည်ပြေးစဝ်ခမ်ဖရဲ့ ရှမ်းပြည် ယာယီအစိုးရဆိုတာ ဘယ်လိုအစိုးရမျိုးလဲ၊ လွတ်လပ်သော ရှမ်းသမ္မတနိုင်ငံထူထောင်ရေးဆိုတာ ဘယ်လိုအတွေးမျိုးလဲဆိုတာကို သူတို့ရဲ့ ဒဏ်ကို ကျောကော့အောင် ခံခဲ့ရ၊ ခံနေရတဲ့ ရှမ်းပြည်နယ်မှ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နှောကျေအောင်သိနေတယ်လို့ ပြောလိုက်ချင်ပါတယ်ရှင့်။

ပြည်ပြေးစဝ်ခမ်ဖတို့ရဲ့ အစိုးရဆိုတာ ပြည်သူလူထုကို ဖိနှိပ်ပြီး နယ်ချဲ့ကို ထိပ်ပေါ်တင်ထားမယ့် အစိုးရမျိုး၊ ပြည်ပြေးစဝ်ခမ်ဖတို့ရဲ့ ရှမ်းသမ္မတနိုင်ငံဆိုတာ အကြမ်းဖက် အဖျက်သမားတွေရဲ့ လက်စွမ်းပြရာမြေ၊ လက်တည့်စမ်းရာမြေ အဖြစ်ကလွဲလို့ တခြားဘာမှ ဖြစ်လာမှာမဟုတ်ဘူး ဆိုတာ ပြောလိုက်ချင်ပါတယ် ရှင့်။

ဒါကြောင့်မို့ ပြည်ထောင်စုကြီးပြိုကွဲအောင်၊ ရှမ်းပြည်နယ်ပျက်စီးအောင်၊ ဒေသခံတိုင်းရင်းသားတွေ အတိဒုက္ခရောက်အောင် ရည်ရွယ်လုပ်ဆောင်လာသူဟူသမျှကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လုံးဝလက်မခံ၊ တားဆီးချေမှုန်းရန် သန္နိဋ္ဌာန်ချထားတဲ့အတိုင်း အဆိုရှင် ဦးစိုင်းသန်းစိန် တင်သွင်းသွားတဲ့ "ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လဲချားမြို့နယ်မှ တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြလိုက်ရပါတယ်ရှင့်။ ။

"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်း အား လဲချား မြို့နယ်မှ ဒေသခံ တိုင်းရင်းသား ပြည်သူ များက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့် ကျင် ရှုတ်ချကြောင်း" အဆို ဒုတိယပိုင်းကို လဲချားမြို့နယ် တတ်မောက်ကျေးရွာအုပ်စု တတ်မောက်ကျေးရွာမှ ဦးစိုင်းထွန်းအောင်လေးက ထောက်ခံ ဆွေးနွေးစဉ်။

(သတင်းစဉ်)

SSA တွေဟာ ...
အလိုက် ခွဲတမ်းနဲ့ ...
စုဆောင်းနေတာဖြစ်...
ကျန်းသူ အဖွဲ့ဝင်အဖြ...
သေးသူကလေးသူငယ်...
မပေးဘဲ အတင်းအဓ...
နေတာကို ဒေသခံပြည်...
ခံနေကြရပါတယ်။
ဒါဟာ အနော...
မြန်မာနိုင်ငံအပေါ် လ...
နေတဲ့ ကလေးသူငယ...
စစ်မှုထမ်းစေခြင်း ...
ဇာစ်မြစ်ပဲ ဖြစ်ပါတယ်...

ပြည်ပြေးစဝ်ခမ်ဖအဖွဲ့က ရှမ်းပြည်နယ်မှ မြို့နယ် ၄၇ မြို့နယ်က ထောက်ခံသ... နယ်ချဲ့အားကိုးပြီး ယင်းတို့ရဲ့ဆရာကြီးတွေအလိုကျ ပြည်ထောင်စု ဖရိုဖရဲ ပြိုကွဲအောင်...

ရန်ကုန် မေ ၉

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၈ရက် နံနက် ၈နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပို... လဲချားမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ လဲချားမြို့နယ် ဝမ်စဲ့ကျေးရွာအုပ်စု မတ်လန်းကျေးရွာမှ ဒေါ်နန်းလှိုင်ခမ်းက "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်... တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို အောက်ပါအတိုင်း ထောက်ခံဆွေးနွေးသွားသည်။

"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လဲချားမြို့နယ်မှ ဒေသခံ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင် ရှုတ်ချကြောင်း" အဆို တတိယပိုင်းကို လဲချားမြို့နယ် ဝမ်စဲ့ကျေးရွာအုပ်စု မတ်လန်း ကျေးရွာမှ ဒေါ်နန်းလှိုင်ခမ်းက ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)

လေးစားအပ်ပါသော သဘာပတိကြီးနဲ့တကွ လူထုအစည်းအဝေးပွဲကြီးသို့ တက်ရောက်လာကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများရှင့်–

ကျွန်မကတော့ လဲချားမြို့နယ် ဝမ်စဲ့ကျေးရွာအုပ်စု မတ်လန်းကျေးရွာမှ ဒေါ်နန်းလှိုင်ခမ်း ဖြစ်ပါတယ်။

အဆိုရှင် ဦးစိုင်းသန်းစိန် တင်သွင်းသွားတဲ့ "ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လဲချားမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးရှင့်–

ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်ရဲ့သား ပြည်ပြေးစဝ်ခမ်ဖအဖွဲ့က ဧပြီလ ၁၇ရက်နေ့မှာ ရှမ်းပြည်ယာယီအစိုးရဆိုတဲ့အဖွဲ့ကို ဖွဲ့စည်းကြောင်း ကြေညာလိုက်တာဟာ သွေးရိုးသားရိုးလုပ်ရပ်မဟုတ်ပါဘူး။ ရှမ်းပြည်နယ်ကို ချစ်လို့၊ ရှမ်းတိုင်းရင်းသားတွေကိုချစ်လို့ ရှမ်းပြည်နယ်ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ရည်ရွယ်ချက်နဲ့မဟုတ်ဘဲ နယ်ချဲ့ကိုအားကိုးပြီး ပြည်ပရဲ့ သြဇာခံနေသူတွေက ၎င်းတို့ရဲ့ဆရာကြီးတွေအလိုကျ ပြည်ထောင်စုကြီး ဖရိုဖရဲပြိုကွဲအောင် ရည်ရွယ်လုပ်ဆောင်လာခြင်းသာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အမျိုးသားရေး

မူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ထားတဲ့ ...
တွေက ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတ...
ပါဘူး။

ဧပြီလ (၁၈)ရက်နေ့မှာပဲ ပြည်...
ရှမ်းပြည်နယ် လွတ်လပ်ရေးကြေညာတာ...
သယောင် ပုံဆောင်ပြီး မလိမ့်တပတ်...
အဓမ္မလုပ်ခိုင်းခဲ့ပါတယ်။ အဲဒီလို မလိမ့်...
သူကတော့ SSA မိန်းဆင်ရဲ့ (၇၅၈)တပ်...
တွေပဲ ဖြစ်ပါတယ်။

သူတို့က သေနတ်တွေနဲ့ဝိုင်းထား...
တာမို့ ကျွန်မတို့ရပ်သူရွာသားတွေ ရော...
ပြန်လာခဲ့ရတာဖြစ်ပါတယ်။ သူတို့ခိုင်း...
သူတို့ထင်ရာလုပ်သလို ခံရမှာပဲ ဖြစ်ပါတ...
အဖွဲ့ရဲ့ လက်ကိုင်တုတ်ဖြစ်လာတဲ့ SS...
တစ်ဝိုက်မှာ အကြမ်းဖက်မှုတွေကို ဘယ်...
ကျွန်မတို့ကြားသိသမျှ တင်ပြချင်ပါတယ်...

မိုင်းကိုင်အနီးမှာ အရပ်သူတစ်ဦး၊...
ကျိုင်းတောင်းအနီးမှာ အင်းသားခုနစ်ဦး...

SSA မိန်းဆင်အဖွဲ့က လဲချားမြို့နယ် ကျေးရွာလူထုကိုမလိမ့်တပတ်ခေါ်ယူ ရှမ်းသမ္မတနိုင်ငံထူထောင်ကြောင်းကြေညာချက်ကို အတင်းအဓမ္မနားထောင်ခိုင်း

"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်း အား လဲချား မြို့နယ်မှ ဒေသခံ တိုင်းရင်းသား ပြည်သူ များက လုံးဝ လက်မခံ၊ တစ်ခဲနက် ဆန့် ကျင် ရှုတ်ချ ကြောင်း" အဆို ဒုတိယ ပိုင်းကို လဲချားမြို့နယ် တတ်မောက်ကျေးရွာ အုပ်စု တတ်မောက် ကျေးရွာမှ ဦးစိုင်း ထွန်းအောင်လေးက ထောက်ခံ ဆွေးနွေးစဉ်။
(သတင်းစဉ်)

ရန်ကုန် မေ ၉

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၈ရက် နံနက် ၈နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် လဲချားမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ လဲချားမြို့နယ် တတ်မောက်ကျေးရွာအုပ်စု တတ်မောက်ကျေးရွာမှ ဦးစိုင်းထွန်းအောင်လေးက "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား လဲချားမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို အောက်ပါအတိုင်း ထောက်ခံဆွေးနွေးသွားသည်။

လေးစားအပ်ပါသော သဘာပတိကြီးနဲ့တကွ လူထုအစည်းအဝေးပွဲကြီးသို့ တက်ရောက်လာကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား–

ကျွန်တော်ကတော့ လဲချားမြို့နယ် တတ်မောက်ကျေးရွာအုပ်စု တတ်မောက်ကျေးရွာမှာ ဦးစိုင်းထွန်းအောင်လေး ဖြစ်ပါတယ်။

အဆိုရှင် ဦးစိုင်းသန်းစိန် တင်သွင်းသွားတဲ့ "ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လဲချားမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေ အတူတကွ မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ရေခံမြေခံကောင်းပြီး မြေပေါ်မြေအောက် ရေပေါ်ရေအောက် သယံဇာတမျိုးစုံ ကြွယ်ဝစုံလင်တဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒါပေမယ့် နယ်ချဲ့နဲ့ ဖက်ဆစ်က နှစ်ပေါင်း(၁၀၀)ကျော် ကုပ်သွေးစုပ်အမြတ်ထုတ်သွားလို့ ဖျော့တော့တော့သာ ကျန်ခဲ့ရတဲ့အထဲ လွတ်လပ်ရေးရပြန်တော့လဲ ရှမ်းစော်ဘွားတွေရဲ့ကိုယ်ကျိုးကိုသာကြည့်ပြီး ဒေသခံတိုင်းရင်းသားပြည်သူတွေအပေါ် လောင်းကစား၊ အခွန်အကောက်၊ ဆက်ကြေးမျိုးစုံနဲ့ မွဲဆေးဖော်၊ ဖိနှိပ်ညှဉ်းပန်းတဲ့ဒဏ်ကို အလူးအလဲ ခံခဲ့ရတဲ့အတွက် နာလန်မထူနိုင်တဲ့ဘဝကို ရောက်ခဲ့ရပါတယ်။

အိမ်စောင့်အစိုးရလက်ထက်မှာ ဆောင်ရွက်ပေးမှုကြောင့် ပဒေသရာဇ်စော်ဘွားတွေရဲ့ ဖိနှိပ်သွေးစုပ်မှုအောက်မှ လွတ်မြောက်ခဲ့ရပေမယ့် အဲဒီစော်ဘွားတွေ သွေးထိုးလှုံ့ဆော်လို့ ပေါ်ပေါက်လာတဲ့ ရှမ်းသောင်းကျန်းမှုဒဏ်ကို ကျောကော့အောင် ခံခဲ့ရပြန်ပါတယ်။

၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့မှာ တပ်မတော်က နိုင်ငံတော်တာဝန်ကိုယူပြီး အမျိုးသားရေးမူဝါဒများနဲ့ နိုင်ငံတော်ဦးတည်ချက်များ ချမှတ်ဖော်ဆောင်ပေးခဲ့တဲ့အတွက် ပြည်တွင်းငြိမ်းချမ်းရေးရရှိလာပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းလာပါတယ်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကူးသန်းသွားလာရေး၊ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းစတဲ့ ဘက်စုံကဏ္ဍစုံမှာ တိုးတက်လာခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူတွေဟာ လွတ်လပ်ရေးရဲ့အရသာနဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အသီးအပွင့်များကို စတင်ရရှိခံစားလာရပြီလို့ ဆိုရမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဒီလိုအခြေအနေအချိန်အခါမျိုးမှာ ကိုယ့်ပြည်သူတွေနဲ့အတူ ကိုယ့်ပြည်တွင်းမှာ အေးအတူပူအမျှ ကောင်းတူဆိုးဖက် မရပ်တည်နိုင်ဘဲ ပြည်ပကိုထွက်ပြေးပြီး နယ်ချဲ့သစ္စာခံနေကြတဲ့ အမျိုးသားသစ္စာဖောက် ပြည်ပြေးတွေက မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် နှောင့်နှေးကြန့်ကြာအောင် နည်းမျိုးစုံနဲ့ အနှောင့်အယှက်အန္တရာယ်ပြုလာနေတာ တွေ့ရပါတယ်။

ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုက ရှမ်းပြည်နယ်ကိုခွဲထွက်ရန် ကြေညာလာခြင်းဟာ လမ်းကြောင်းမှန်ပေါ်မှာ အရှိန်အဟုန်နဲ့ ပန်းတိုင်အရောက် ချီတက်နေတဲ့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေ အရှိန်ပျက်အောင် ရည်ရွယ်လုပ်ဆောင်လိုက်တာပဲ ဖြစ်ပါတယ်။ ရှမ်းစော်ဘွားအနွယ် ပြည်ပြေးတွေဟာ သူတို့ရဲ့ လုပ်ဆောင်ချက်ကို ထောက်ခံသူတွေရှိသယောင် ဟန်ဆောင်ပြီး မြန်မာနိုင်ငံနဲ့ အလှမ်းဝေးသူတွေကို လိမ်လည်လှည့်ဖြား လှည့်စားနေပါတယ်။

ဖြစ်ချင်တာကအစိုးရ၊ လုပ်နေတာက မလိမ့်တပတ်၊ နောက်လိုက် အပေါင်းပါတွေက အကြမ်းဖက်သောင်းကျန်းသူ၊ ဒီလိုလူတွေရဲ့ ပြောစကားကို ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လုံးဝလက်မခံသလို သူတို့ရဲ့လုပ်ရပ်ကိုလဲ မကျေနပ်ဘူးဆိုတာ အတိအလင်းပြောကြားလိုပါတယ် ခင်ဗျား။

ဧပြီလ ၁၇ရက်နေ့မှာ ပြည်ပြေးစဝ်ခမ်ဖတို့က ပြည်ပတစ်နေရာက နေပြီး ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခဲ့ပါတယ်။ ဧပြီလ ၁၈ရက်နေ့မှာတော့ SSA မိန်းဆင်နဲ့အဖွဲ့က လဲချားမြို့နယ်ကျေးရွာအချို့မှ ရပ်ရွာလူထုကို မလိမ့်တပတ်နဲ့ ခေါ်ယူစုဝေးပြီး ရှမ်းသမ္မတနိုင်ငံထူထောင်ကြောင်း ကြေညာချက်ကို အတင်းအဓမ္မနားထောင်ခိုင်းခဲ့တာပဲ ဖြစ်ပါတယ်။ ဒီလုပ်ရပ်ဟာ ဒေသခံ တိုင်းရင်းသားပြည်သူတွေရဲ့ ရိုးသားဖြူစင်မှုကို ခုတုံးလုပ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားအောင် လုပ်ကြံဆောင်ရွက်လိုက်တာဖြစ်လို့ ကျွန်တော်တို့ လဲချားမြို့နယ်မှ ပြည်သူလူထုက လုံးဝမကျေနပ်ကြောင်း၊ အခု လူထုအစည်းအဝေးပွဲကြီးကိုတက်ရောက်ပြီး ပြည်သူ့ဆန္ဒကို ဖွင့်ဟလိုက်တာပဲ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ဒေသမှာ SSA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့ အလစ်ဝင်ဝင်ပြီး ဒုက္ခပေးနေတာ ကြာခဲ့ပါပြီ။ ဆက်ကြေးတောင်း၊ လက်နက်အားကိုးနဲ့ အနိုင်ကျင့်၊ လူသတ်၊ ဓားပြတိုက်၊ လုယက်မှုပြုရုံမက ကျွန်တော်တို့ရဲ့ ရင်သွေးငယ်တွေကိုလဲ အတင်းအဓမ္မ လူသစ်စုဆောင်း နေပါတယ်။ SSA တွေရဲ့ အကြမ်းဖက်လုပ်ရပ်ကို ဘယ်သူကမျှ မကြည်ဖြူ၊ မယုံကြည်တာကြောင့် သူတို့အဖွဲ့ထဲကိုလဲ ဘယ်သူကမျှ မဝင်ကြပါဘူး။

ဒါကြောင့်မို့ SSA တွေဟာ ရွာတွေမှာ အိမ်ခြေအလိုက် ခွဲတမ်းနဲ့ လူသစ်ဆင့်ခေါ် စုဆောင်းနေတာ ဖြစ်ပါတယ်။ သောင်းကျန်းသူအဖွဲ့ဝင်အဖြစ် အရွယ်မရောက်သေးသူ ကလေးသူငယ်များကိုပင် အလွတ်မပေးဘဲ အတင်းအဓမ္မ လူသစ်စုဆောင်းနေတာကို ကျွန်တော်တို့ ဒေသခံပြည်သူတွေ ခါးစည်းပြီးခံနေကြရပါတယ်။

ဒါဟာ အနောက်နိုင်ငံအချို့က မြန်မာနိုင်ငံအပေါ် လက်ညှိုးထိုး၊ ဝေဖန်နေတဲ့ ကလေးသူငယ်များအား အဓမ္မစစ်မှုထမ်းစေခြင်းဆိုတဲ့ ပြဿနာရဲ့ ဇာစ်မြစ်ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ အလျှဉ်းသင့်တာကြောင့် သောင်းကျန်းသူအဖျက်သမားတွေရဲ့ အဓမ္မ လူသစ်စုဆောင်းနေတဲ့လုပ်ရပ်ကိုသိလျက်နဲ့ ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း မထောက်ပြတဲ့ အနောက်နိုင်ငံတွေရဲ့ စံနှုန်းသတ်မှတ်ချက်တွေကို ဘယ်လိုယုံစားရမှာလဲလို့ မေးခွန်းထုတ်လိုက်ရပါတယ် ခင်ဗျား။

သဘာပတိကြီးခင်ဗျား–

(၅၄)သန်းကျော်သော ကျွန်တော်တို့ရဲ့ ပြည်သူတွေကြားမှာ အမှန်တရား ရှိနေပါတယ်။ SSA အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အဓမ္မလူသစ်စုဆောင်းမှုကနေ တိမ်းရှောင်နိုင်ဖို့အတွက် အချို့သောမိသားစုတွေမှ ကလေးသူငယ်တွေဟာ မန္တလေး၊ မကွေးစတဲ့ မြို့တွေမှာ ရဟန်းဝတ်နဲ့ သွားရောက်နေထိုင်ကြရတဲ့အထိ မိတကွဲ ဖတကွဲ ဖြစ်နေကြရပါတယ်။ လူသစ်စုဆောင်းတာကို မပေးနိုင်ရင် အဲဒီအစား ငွေပေးရပါသေးတယ်။ အဲဒီကရတဲ့ငွေတွေ၊ ဆက်ကြေးတွေ၊ ဓားပြတိုက်လို့ရတဲ့ငွေတွေကို ကိုယ်ကျိုးရှာ အလွဲသုံးစားလုပ်ရင်း SSA အချင်းချင်း အဝေမတည့်ဖြစ်နေတာကိုလဲ ကျွန်တော်တို့ ဒေသသူဒေသသားတွေက နားနှင့်မဆံ့အောင် ကြားသိနေရပါကြောင်း တင်ပြလိုက်ရပါတယ် ခင်ဗျား။

ခုလို ဒေသခံတိုင်းရင်းသား ပြည်သူတွေကို ဒုက္ခပေးရုံမျှနဲ့အားမရဘဲ တစ်တိုင်းပြည်လုံး အတိဒုက္ခရောက်အောင် ပူးပေါင်းလုပ်ဆောင်လာတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေကိုချေမှုန်းဖို့ တာဝန်ဟာ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေရဲ့ မွေးရာပါတာဝန်ဖြစ်တာမို့ အဆိုရှင် ဦးစိုင်းသန်းစိန် တင်သွင်းသွားတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လဲချားမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"**အဆိုကို အပြည့်အဝထောက်ခံကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျား။ ။

SSA တွေဟာ ရွာတွေမှာ အိမ်ခြေအလိုက် ခွဲတမ်းနဲ့ လူသစ်ဆင့်ခေါ် စုဆောင်းနေတာဖြစ်ပါတယ်။ သောင်းကျန်းသူ အဖွဲ့ဝင်အဖြစ် အရွယ်မရောက်သေးသူကလေးသူငယ်များကိုပင် အလွတ်မပေးဘဲ အတင်းအဓမ္မ လူသစ်စုဆောင်းနေတာကို ဒေသခံပြည်သူတွေ ခါးစည်းပြီး ခံနေကြရပါတယ်။

ဒါဟာ အနောက်နိုင်ငံ အချို့က မြန်မာနိုင်ငံအပေါ် လက်ညှိုးထိုး၊ ဝေဖန်နေတဲ့ ကလေးသူငယ်များအား အဓမ္မစစ်မှုထမ်းစေခြင်း ဆိုတဲ့ ပြဿနာရဲ့ ဇာစ်မြစ်ပဲ ဖြစ်ပါတယ်။

...က ထောက်ခံသယောင်ဝါဒဖြန့် ဖရိုဖရဲ ပြိုကွဲအောင်လုပ်ဆောင်လာ

... နံနက် ၈နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ...ပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား လဲချားမြို့နယ်မှ

... မူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ထားတဲ့ ကျွန်မတို့ တိုင်းရင်းသားပြည်သူတွေက ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုရဲ့ လုပ်ရပ်ကို လုံးဝ မကျေနပ်ပါဘူး။

ဧပြီလ ၁၈ ရက်နေ့မှာပဲ ပြည်ပြေးစဝ်ခမ်ဖရဲ့ နောက်လိုက်တွေက ရှမ်းပြည်နယ် လွတ်လပ်ရေးကြေညာတာကို ကျွန်မတို့မြို့နယ်က ထောက်ခံသယောင် ပုံဆောင်ပြီး မလိမ့်တပတ်လုပ်သွားပြန်ပါတယ်။ အတင်းအဓမ္မလုပ်ခိုင်းခဲ့ပါတယ်။ အဲဒီလို မလိမ့်တပတ်နဲ့ အတင်းအဓမ္မလုပ်ခိုင်းခဲ့သူကတော့ SSA မိန်းဆင်ရဲ့ (၇၅၈)တပ်ဖွဲ့မှ အကြမ်းဖက် သောင်းကျန်းသူတွေပဲ ဖြစ်ပါတယ်။

သူတို့က သေနတ်တွေနဲ့ဝိုင်းထားပြီး အကျပ်ကိုင်လုပ်ဆောင်ခိုင်းခဲ့တာမို့ ကျွန်မတို့ရပ်သူရွာသားတွေ ရေငုံနှုတ်ပိတ်၊ ခေါင်းညိတ်အံကြိတ်ပြီး ပြန်လာခဲ့ရတာဖြစ်ပါတယ်။ သူတို့ခိုင်းသလိုမလုပ်ရင် ကျွန်မတို့ဘဝက သူတို့ထင်ရာလုပ်သလို ခံရမှာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်ပြေးစဝ်ခမ်ဖအဖွဲ့ရဲ့ လက်ကိုင်တုတ်ဖြစ်လာတဲ့ SSAသောင်းကျန်းသူတွေဟာ ဒီဒေသတစ်ဝိုက်မှာ အကြမ်းဖက်မှုတွေကို ဘယ်လောက်ကျူးလွန်နေတယ် ဆိုတာကို ကျွန်မတို့ကြားသိသမျှ တင်ပြချင်ပါတယ်။

မိုင်းကိုင်အနီးမှာ အရပ်သူတစ်ဦး၊ ကွန်ဟိန်းအနီးမှာအရပ်သားခြောက်ဦး၊ ကျိုင်းတောင်းအနီးမှာ အင်းသားခုနစ်ဦးတို့ကို SSA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က အကြောင်းမဲ့ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တာဟာ လတ်တလောဖြစ်ရပ်တွေပဲ ဖြစ်ပါတယ်။

ပန်တဝိရွာ လူသတ်ပွဲရဲ့တရားခံကဘယ်သူလဲ၊ ဟိုပုန်းမြို့နယ် ကျေးရွာငါးရွာမှ အိမ်တွေ၊ စာသင်ကျောင်းတွေ၊ ဘုန်းတော်ကြီးကျောင်းတွေကို မီးရှို့ဖျက်ဆီးသွားတာ ဘယ်သူလဲ၊ လဲချားမြို့နယ် ဝမ်ယိမ်းရွာ ကျောင်းရေစက်ချအလှူပွဲမှာ ဗုံးခွဲသွားတာ ဘယ်သူလဲ၊ အဲဒါ အကြမ်းဖက်သောင်းကျန်းသူ SSA တွေပဲလို့ ကျွန်မတို့ ဒေသသူဒေသသားတွေအားလုံး သိနေကြပါတယ်။

ကျွန်မတို့ရဲ့ရွာနဲ့ အနီးတစ်ဝိုက်မှာ တပ်မတော်စစ်ကြောင်း ရှိနေမှသာ ကျွန်မတို့ရဲ့ဘဝ လုံခြုံစိတ်ချရတာပါ။ အဲဒီအချိန်ကျမှ အိပ်ကောင်းခြင်း အိပ်နိုင်ကြတာ ဖြစ်ပါတယ်။ စစ်ကြောင်းမရှိဘူးဆိုရင်တော့ ဘယ်အချိန်မှာ ဘယ်အဖွဲ့က ဘာအကြောင်းနဲ့ ဝင်လာမှာလဲ၊ ဆက်ကြေး ကောက်မှာလား၊ ရိက္ခာတောင်းမှာလား၊ လူစုမှာလား စတာတွေတွေးပြီး အအိပ်အနေ အခြေမကျတဲ့ဘဝကို ရောက်ရတော့တာပါပဲ။

ရှမ်းလူမျိုးကောင်းစားရေးဆိုပြီးတော့ ကျွန်မတို့ အားလုံးအပေါ် လက်နက်အားကိုးနဲ့ အနိုင်ကျင့်၊ လုယက်၊ သတ်ဖြတ်၊ သူတို့ စိတ်ထင်သလို လုပ်နေကြတာ ဖြစ်ပါတယ်။ အခုလဲ ပြည်ပြေးစဝ်ခမ်ဖတို့အဖွဲ့က ရှမ်းလူမျိုးများကောင်းစားရေးဆိုတဲ့ စကားကို တွင်တွင်ကြီးပြောပြီး ကျွန်မတို့ကို ဒုက္ခလှလှကြီးရောက်အောင် လာလုပ်နေပြန်ပါပြီ။

သဘာပတိကြီးရှင့်–

အခုလိုအချိန်အခါမှာ ကျွန်မတို့အနေနဲ့ ရဲရဲရင့်ရင့် ရင်ဆိုင်ပြီး ပြတ်ပြတ်သားသား ပွင့်ပွင့်လင်းလင်း ပြောဆိုကြရပါတော့မယ်။ ကျွန်မတို့ တိုင်းရင်းသားပြည်သူတွေဟာ ပြည်ထောင်စုကြီးထဲမှ ဘယ်သူမျှခွဲထွက်တာကို မလိုလားပါဘူး။ ရှမ်းပြည်နယ်ကိုလဲ သီးခြားခွဲမထွက်ချင်ပါဘူး။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးထဲမှာပဲ နယ်မြေဒေသမခွဲခြားဘဲ၊ လူမျိုးရေးစကားမပြောကြားဘဲ ဒေသအသီးသီးမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ စုစည်းညီညွတ်စွာ ပြည်ထောင်စုငယ်လေးတွေအသွင် ချစ်ချစ်ခင်ခင် နေထိုင်သွားချင်ကြပါတယ်။

တကယ်တော့ ပြည်ထောင်စုကိုဖြိုခွဲသူဟာ ကျွန်မတို့ရဲ့ ဘုံရန်သူပဲ ဖြစ်ပါတယ်။ ပြည်ပြေးစဝ်ခမ်ဖတို့အဖွဲ့က သူတို့ကို ရှမ်းပြည်နယ်မှ မြို့နယ် ၄၈မြို့နယ်က ထောက်ခံသယောင် ဝါဒဖြန့်နေပါတယ်။ ဒါဟာ ရှမ်းပြည်နယ်မှ တိုင်းရင်းသားပြည်သူများရဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နဲ့ ဇာတိမာန်ကို တမင်သက်သက် ပုံပျက်ပန်းပျက်ဖြစ်အောင် စော်ကားလိုက်တာပဲ ဖြစ်ပါတယ်။ ဒီလိုစော်ကားတာ၊ မလိမ့်တပတ်လုပ်တာကို ကျွန်မတို့ ဒေသသူဒေသသားတွေက မကျေနပ်ပါဘူး။ လုံးဝ လက်မခံပါဘူး။

ဒါကြောင့်မို့ အဆိုရှင် ဦးစိုင်းသန်းစိန် တင်သွင်းသွားတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လဲချားမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင့်။ ။

ရှမ်းလူမျိုး ကောင်းစားရေးဆိုပြီးတော့ ကျွန်မတို့ အားလုံး အပေါ် လက်နက်အားကိုးနဲ့ အနိုင်ကျင့်၊ လုယက်၊ သတ်ဖြတ်၊ သူတို့စိတ်ထင်သလို လုပ်နေကြတာဖြစ်ပါတယ်။ အခုလဲ ပြည်ပြေးစဝ်ခမ်ဖတို့အဖွဲ့က ရှမ်းလူမျိုးများ ကောင်းစားရေးဆိုတဲ့ စကားကို တွင်တွင်ကြီး ပြောပြီး ကျွန်မတို့ကို ဒုက္ခလှလှကြီးရောက်အောင် လာလုပ်နေပြန်ပါပြီ။

ထလော့မြန်မာ

ကျွန်တော်တို့ ဝန်းကျင်လောကတွင် မိမိအရေး၊ မိသားစုအရေး ဦးစားပေးလျက် အကြောင်းအမျိုးမျိုးပြပြီး စီးပွားရေး၊ ကြီးပွားရေးဟု ဆိုကာ အိမ်ကိစ္စ၊ ရုံးကိစ္စများကို စိတ်ရောကိုယ်ပါ မနေမနား လှုပ်ရှားနေရသောကြောင့် အလုပ်အား၊ အလုပ်နားရသည့် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များကို စောင့်စားမျှော်လင့်တတ်သည်မှာ ဝန်ထမ်းအားလုံးတို့၏ အကျင့်စရိုက်တစ်ခု ဖြစ်နေပြီဟု ထင်ပါ၏။ ပြောမည့်သာပြောရသည် စင်စစ်အားဖြင့် စနေ၊ တနင်္ဂနွေနေ့များကို ဝန်ထမ်းများသာမက ကျောင်းသားကျောင်းသူများ အပါအဝင် ရဟန်းရှင်လူပြည်သူအားလုံး ကြိုလင့်စောင့်မျှော်ကြသည်ဟု ဆိုရပါမည်။

အဘယ့်ကြောင့်ဆိုသော် ကျောင်းသားကျောင်းသူများက ကျောင်းပိတ်မည်ဖြစ်၍ ဝမ်းသာကြသည်။ အိမ်ရှင်မများ၊ သားသမီးဆွေမျိုးများက ထိုနေ့တွင် ထမင်းလက်ဆုံစားခြင်း၊ ရုပ်ရှင်ကြည့်ခြင်း၊ ဈေးဝယ်ထွက်ခြင်း၊ အပန်းဖြေ ပျော်ပွဲစားထွက်ခြင်း၊ ဘုရားသွားကျောင်းတက်ခြင်း စသည်တို့ကို မိသားစု စုံစုံညီညီဆင်နွှဲရန် မျှော်လင့်စိတ်ဖြင့် ကြည်နူးပျော်ရွှင်ကြသည်။ ဈေးရောင်းဈေးဝယ်များကလည်း ထိုထိုသော ပုံမှန်ရုံးပိတ်ရက်တွင် ဆိုင်၌လူစုံမည်၊ လူကျမည်၊ ရောင်းအားတက်မည်ဆိုသော အသိဖြင့် တက်ကြွလှုပ်ရှားနေတတ်ကြသည်။

အမှန်အားဖြင့် ပြက္ခဒိန်ထဲ၌ စာလုံးနီနီဖြင့် ရေးဆွဲဖော်ပြထားသည့် စနေ၊ တနင်္ဂနွေဟူသော နေ့ရက်များကို ကမ္ဘာတစ်ဝန်းလုံးက ပျော်ရွှင်

အပြစ်မဲ့ လူထုအကြား ဗုံးထောင်ခြင်းသည် အစိုးရကို ဆန့်ကျင်စိန်ခေါ်ခြင်း မဟုတ်၊ ပြည်သူလူထု တစ်ရပ်လုံးကို ဆန့်ကျင်စိန်ခေါ်ခြင်းဖြစ်သည်။ အစိုးရကို တိုက်ခိုက်ခြင်းမဟုတ်၊ ပြည်သူတစ်ရပ်လုံးကို တိုက်ခိုက်ခြင်းဖြစ်သည်။

ဖွယ်၊ ကြည်နူးဖွယ် အားလပ်ရက်၊ နားရက်များအဖြစ် တညီတညွတ်တည်း အသိအမှတ်ပြုထားကြလေသည်။ အထူးသဖြင့် စနေ၊ တနင်္ဂနွေနေ့ဆိုသည်မှာ မြို့ပြလူတန်းစားတို့အဖို့ အားအင်ပြန်လည် ဖြည့်တင်းသည့်နေ့ဟု ဆိုနိုင်ကောင်းပါ၏။ ထို့ကြောင့် မြို့ပြ၌ တိုးဝင်လှုပ်ရှားလျက် ဝန်ထမ်းအဖြစ် ရုန်းကန်နေရသော ကျွန်တော်သည်လည်း စနေ၊ တနင်္ဂနွေနေ့များကို ပျော်လိုစိတ်ဖြင့် မျှော်လင့်နေမိခြင်းမှာ ဆန်းလှသည်ဟု မဆိုသာ။ ယခုအပတ်တွင် မိသားစုစုံစုံညီညီ ခြံထဲ၌ စိုက်ကြပျိုးကြမည်။ အချိန်ရလျှင် ဘုရားသွား ကျောင်းတက်လုပ်ကြမည်။ ဤသို့လျှင် ကျွန်တော်စိတ်ကူးယဉ်ခဲ့မိလေသည်။ သို့ဖြင့် မိသားစု မျှော်လင့်နေသည့် စနေကား ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့လေပြီ။

၂၀၀၅ခုနှစ် မေလ၇ရက်နေ့တွင် ကျရောက်သော ဤစနေတွင် မိုးဦးကိုကြိုသည့် မိုးစက်မိုးပေါက်တို့က ဟိုတစ်ပေါက်ဒီတစ်ပေါက် ဖြိုးဖြိုးဖြောက်ဖြောက် ကျနေ၏။

တဒင်္ဂအားဖြင့် နေမင်း၏ အပူဓာတ်တို့ လျော့ကျသွားသယောင် ခံစားရသည်။ ကျွန်တော်တို့မိသားစုမှာ မိုးစက်မိုးဖွဲများအကြား ခြံထဲ၌ ကိုယ့်အာရုံဖြင့်ကိုယ် ရှိနေကြသည်မို့ ပြင်ပကမ္ဘာ၌ ဘာဖြစ်နေမှန်း မသိလိုက်ကြ။ မိတ်ဆွေဖြစ်သူ ကိုမျိုးခင်က ကျွန်တော့်ထံ ဖုန်းဆက်ချိန်တွင် ညနေ၄နာရီခန့် ရှိနေလောက်ပေပြီ။

“အစ်ကိုလား၊ မိသားစုအားလုံး အိမ်မှာရှိကြရဲ့လား၊ မြေနီကုန်း ဒဂုံစင်တာ မှာ ၃နာရီလောက်က ဗုံးကွဲလို့တဲ့၊ အသေအပျောက်ရှိတယ်၊ ဒဏ်ရာရသူလည်း များတယ်တဲ့။ အဲဒါ စိတ်ပူလို့မေးတာ”

“ဟာ အကြံပက်စက်လှချည်လား၊ ဟုတ်ကောဟုတ်ရဲ့လားကွာ”

မိတ်ဆွေတစ်ဦးက စိတ်ပူပန်စွာ လှမ်းပြောသည့် အဆိုပါသတင်းကို အတည်ပြုနိုင်ရန် တာဝန်ရှိသူငယ်ချင်းများထံ ကျွန်တော်လှမ်းစပ်စုလိုက်သည်။ ထိုရောအခါမှ ပိုမိုချောက်ချားဖွယ် သတင်းကို ကျွန်တော်ကြားသိရခြင်း ဖြစ်လေသည်။

“ဟုတ်တယ်အစ်ကိုရေ့၊ မြေနီကုန်း ဒဂုံစင်တာမှာသာ မကဘူး။ ထိုင်း ကုန်စည်ပြပွဲလုပ်နေတဲ့ အထက်ပုဇွန်တောင်လမ်းက ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာနမှာရော၊ ရှစ်မိုင်လမ်းဆုံက Junction (8)စင်တာမှာရော တစ်ချိန်တည်းနီးနီးလောက်မှာပဲ ဗုံးတွေကွဲတာ။ ၁၁ဦးသေပြီး ၁၆၂ဦး ဒဏ်ရာရသွားကြတယ်”

ထက်ခေါင်

“တောက်” ကိုယ်ချင်းစာစိတ် ကင်းမဲ့ပြီး လူမဆန်တဲ့ကောင်တွေ၊ သိပ်ကိုရက်စက်ယုတ်မာလွန်းတယ်ကွာ”

တဒင်္ဂ၌ ကျွန်တော့်သွေးများ ဆူဝေလာသည်။ ကျွန်တော့်ရင်ထဲ၌ စိတ်ထိခိုက်မှုနှင့်အတူ အကြမ်းဖက် ဗုံးခွဲသူများအပေါ် မကျေနပ်မှုများ လှိုင်းထလာသည်။ အပျော်စိတ်ဖြင့် ကျွန်တော်မျှော်ခဲ့သော စနေနေ့သည် ကြေကွဲဖွယ် သွေးစွန်းသောနေ့ ဖြစ်ခဲ့လေပြီ။ ထိခိုက်သေဆုံးသူများထဲ၌ ကျွန်တော့် သွေးသားရင်းချာမပါသော်လည်း မြန်မာပြည်သည် ကျွန်တော်တို့ပြည်၊ မြန်မာ့မြေသည် ကျွန်တော်တို့မြေ၊ မြန်မာပြည်သားသည် ကျွန်တော်တို့သွေးသားများပင် မဟုတ်ပါလား။ သို့ဆိုလျှင် မြန်မာပြည်သူကိုထိပါးစော်ကားခြင်းသည် ကျွန်တော်တို့ကို ထိပါးစော်ကားခြင်းနှင့် ဘာများခြားနားပါသနည်း။ ကျွန်တော့်ရင်၌ ဤမျှထိခိုက်နာကျင်ခဲ့လျှင် သေကျေဒဏ်ရာရသူတို့၏ မိဘမောင်ဖွားများရင်၌ နေဆယ်စင်းထွက်နေပေလိမ့်မည်။

ထိုထိုသော အဖျက်သမားတို့သည် မည်သူ့ကို မကျေနပ်၍ မည်သည့် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်ပါသနည်း။ အစိုးရကို ဆန့်ကျင်လို၍လုပ်လျှင် ပြောင်ပြောင်တင်းတင်း သတ္တိရှိရှိ စိန်ခေါ်ရင်ဆိုင်သင့်သည်။ ယခုတော့ သေဆုံး၊ ထိခိုက်ဒဏ်ရာရသူ အားလုံးသည် အပြစ်မဲ့ ရဟန်းရှင်လူ ပြည်သူများသာ ဖြစ်သည်။ ဗုံးကွဲသော နေရာများသည် အပြစ်မဲ့ ပြည်သူတို့ စိတ်အေးချမ်းသာ သွားလာလှုပ်ရှားဝယ်ကြခြမ်းကြသည့် လူစည်ကားများပြားသော နေရာများသာ ဖြစ်သည်။ အကြမ်းဖက် ဗုံးခွဲခြင်းသည် မည်သည့် နိုင်ငံရေးစနစ်နှင့်မျှလည်း မဆိုင်။ မည်သည့် ဒီမိုကရေစီနည်းနှင့်မျှလည်း မပတ်သက်။ တရားမျှတသော လုပ်ရပ်လည်းမဟုတ်၊ အလွန်သူရဲဘောကြောင်သော ခိုးကြောင်ခိုးဝှက် လုပ်ရပ်သာ ဖြစ်သည်။

ဗုံးခွဲသူတို့၌လည်း မိဘသားချင်း၊ ဆွေမျိုးရင်းချာ၊ မိတ်သင်္ဂဟ အပေါင်းအသင်းတို့ ရှိကြမည်သာ။ အဖျက်သမားတို့သည် ထိုသို့သော သားချင်း သင်္ဂဟတို့ကို အမှီပြု၍ လူထုကြား လူယောင်ဖျောက် လှုပ်ရှားလျက် လူသတ်မှုများကို ကျူးလွန်နေနိုင်ကြခြင်းသာ ဖြစ်သည်။ သူတို့သည် သာမန်လူကြားထဲက သာမန်လူများသာဖြစ်ပြီး ထူး၍ ချိုမပေါက်ကြ။ ထို့ကြောင့် တာဝန်ရှိသူတို့က အလွယ်တကူ ကြိုတင်ကာကွယ်သတင်းရယူ ရှာဖွေဖော်ထုတ်ရန် မလွယ်ကူ။ အထူးအားဖြင့် တပ်၊ ရဲစသော လုံခြုံရေး အဖွဲ့အစည်းများသည် မည်မျှပင် အစွမ်းထက်ပါစေ။ လူထုအကူအညီမပါဘဲ လူထု၏ အန္တရာယ်ကို လုံးလုံးလျားလျား ကာကွယ်မှုပေးရန်မဖြစ်နိုင်။ လူထုကြားမှ အဖျက်သမားကို လူထုအားဖြင့်သာ ချေမှုန်းနိုင်လိမ့်မည်။

အပြစ်မဲ့လူထုအကြား ဗုံးထောင်ခြင်းသည် အစိုးရကို ဆန့်ကျင်စိန်ခေါ်ခြင်းမဟုတ်၊ ပြည်သူလူထုတစ်ရပ်လုံးကို ဆန့်ကျင်စိန်ခေါ်ခြင်းဖြစ်သည်။ အစိုးရကို တိုက်ခိုက်ခြင်းမဟုတ်၊ ပြည်သူတစ်ရပ်လုံးကို တိုက်ခိုက်ခြင်းဖြစ်သည်။

ယခုအခါ ဗုံးခွဲလူသတ်သမားသည် အပြစ်မဲ့ မြန်မာပြည်သူများအကြား ကိုယ်ယောင်ဖျောက်လျက် အပြစ်မဲ့ မြန်မာလူထုကို အကြမ်းဖက်ကာ စိန်ခေါ်ခဲ့လေပြီ။ မိုက်ရိုင်းဘိစွတကား။

ယခု အကြမ်းဖက်အဖျက်သမားတို့သည်ကား ရဟန်းသူမြတ်ဟူ၍လည်း အလေးမထား။ ကျောင်းသားလူငယ်ဟူ၍လည်း ခွင့်မလွှတ်။ ဆင်းရဲသူ၊ ချမ်းသာသူဟူ၍လည်း အလွတ်မပေး။ မည်သည့်လူမျိုး၊ မည်သည့်ဘာသာဟူ၍လည်း လက်ရှောင်ခြင်းမပြု။ **ဘယ်သူသေသေ ငတေမာရင်ပြီးရော စိတ်ဓာတ်ဖြင့်** အပြစ်မဲ့ပြည်သူတို့ကို ပစ်မှတ်ထား တိုက်ခိုက်နေလေသည်တကား။ အဟိတ်တိရစ္ဆာန်လောက်မှ အသိဉာဏ်မရှိ၊ မိုက်ရိုင်းဘိစွ သတ္တဝါများပေတကား။ ထိုလူသော့သွမ်း အကြမ်းဖက်လူရမ်းကားတို့ ရှိနေသမျှ ကာလပတ်လုံး အပြစ်မဲ့ပြည်သူတို့ သေကျေနေကြရဦးမည်သာ ဖြစ်သည်။

ကျွန်တော်တို့ နိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံဖြစ်သည်။ ယဉ်ကျေးခြင်း၊ ပျူငှာခြင်းနှင့် ဗြဟ္မစိုရ်တရားလေးပါး ပြည့်ဝပြီး ကိုယ်ချင်းစာ ကြင်နာတတ်သော လူမျိုးများနေသည့်၊ အစဉ်အဆက် အေးချမ်းသာယာသည့် နိုင်ငံဖြစ်သည်။ ရိုးသားခြင်း၊ ဖြူစင်ခြင်း၊ ပွင့်လင်းခြင်းတို့သည် မြန်မာ့ပုံရိပ်များ ဖြစ်သည်။ သို့သော် မြန်မာတို့သည် အမျိုးထိလျှင် မချိအောင်နာ၍ အမျိုးဘာသာ သာသနာအတွက် အသက်စွန့်လွှတ်ရန် ဝန်မလေးကြသော သတ္တိပြောင်မြောက်သည့် အမျိုးသားစရိုက်လက္ခဏာရှိသူများလည်း ဖြစ်ကြသည်ကို သမိုင်းစဉ်၌ အထင်အရှား တွေ့မြင်နိုင်သည်။ မြန်မာတို့သည် ပျော့ပျောင်းသော်လည်း ပျော့ညံ့သူများ မဟုတ်ကြကုန်။

အို––အမျိုးကောင်းသား မြန်မာများတို့၊ အကြမ်းဖက်အဖျက်သမား လူယုတ်မာများသည် မြန်မာ့စရိုက်ကို ဖီလာပြုလျက် ငါတို့၏အမိ၊ ငါတို့၏ အဖ၊ ငါတို့၏ သွေးသားများကို ဗုံးခွဲသတ်ဖြတ်ခဲ့လေပြီ။ ဤအကြမ်းဖက်သမားတို့အား မည်သူတို့က မြှောက်ပင့်ခိုင်းစေနေပါသနည်း။ မည်သူတို့က ပံ့ပိုးကူညီ နေပါသနည်း။ မည်သူတို့က အကာအကွယ်ပေးနေပါသနည်း။ မည်သို့ပင်ဖြစ်စေ ထိုအကြမ်းဖက် လူသတ်သမားများရှိနေသမျှ ကာလပတ်လုံး အပြစ်မဲ့လူထုသည် အစဉ်ချောက်ချားပူလောင်နေရပါလိမ့်မည်။ **ဗုံးထောင်၊ လူသတ်၊ အဖျက်လုပ်ရပ်လုပ်နေသူတို့အား ဖော်ထုတ်ချေမှုန်းနိုင်ရေးအတွက် ပြည်သူ တစ်ရပ်လုံးက မိမိတို့ဝန်းကျင်၌ စူးစမ်းရှာဖွေလျက် တာဝန်ရှိသူတို့အား သတင်းပေးခြင်းဖြင့် ဝိုင်းဝန်းကူညီကြဖို့ လိုအပ်နေလေပြီ။**

အပူလျော့နည်းစေသည်ဟု မှုလက ကျွန်တော်ထင်မှတ်ခဲ့သော ဤစနေ၌ရွာသည့် ဖြိုးဖြိုးဖြောက်ဖြောက် မိုးစက်မိုးပေါက်များသည် စင်စစ်မူကား အပြစ်မဲ့ပြည်သူများ၏ မျက်ရည်ပူများပေတကား။ စနေကို သွေးစွန်းပေစေသော သွေးစက်များပေတကား။ မျက်ရည်ဟူသည် ရေစက်နှင့်သဏ္ဍာန်တူသော်လည်း သောကမြစ်ဖျားမှ စီးဆင်းလာရသောကြောင့် အေးမြခြင်းမရှိ၊ ပြင်းပြစွာ ပူလောင်လှပါ၏။ ထို့အတူ အကြမ်းဖက် အဖျက်သမားတို့၏ ဘဝသည်လည်း မျက်ရည်ကျခဲ့ရသည့် ပြည်သူတို့၏ ကျိန်စာသင့်လျက် ကံကံ၏အကျိုးအလျောက် နိဂုံးမလှဖြစ်ရမည်မှာ မုချဧကန်ဟု ကျွန်တော်ယုံကြည်သည်။ အကြမ်းဖက်ဗုံးခွဲသူများအတွက် ထိုသို့သော မလှပသည့် နိဂုံးရက်များ အမြန်ဆုံးရောက်ရှိကြစေရန် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကာ မြန်မာမှန်သမျှ နိုးထ၍ ကြိုးကြလျက် ဝိုင်းဝန်းချေမှုန်းကြပါစို့။ ။

“အကြမ်းဖက်အဖျက်သမားများ မုချကျဆုံးရမည်”

ဗုံးထောင်၊ လူသတ်၊ အဖျက်လုပ်ရပ် လုပ်နေသူတို့အား ဖော်ထုတ်ချေမှုန်းနိုင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက မိမိတို့ ဝန်းကျင်၌ စူးစမ်းရှာဖွေလျက် တာဝန်ရှိသူတို့အား သတင်းပေး ခြင်းဖြင့် ဝိုင်းဝန်းကူညီကြဖို့ လိုအပ်နေလေပြီ။ ။

စိုက်ပျိုးမြေ ယခင်က ဧကလေးသိန်းလေးသောင်းကျော်ရှိခဲ့ရာမှ ယခုငါးသိန်းရှစ်သောင်းကျော်အထိ တိုးမြှင့်လာခဲ့ ရထားပို့ဆောင်ရေးကဏ္ဍ လုံးဝမရှိခဲ့ရာမှ ရထားလမ်းခရီး ၈ဒသမ ၅၉မိုင်၊ သံလမ်းမိုင် ၁၀ ဒသမ ၉၀ တိုးတက်လာ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲအခမ်းအနားကို မေ ၇ရက်က မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော်အနီးရှိ အောင်မင်္ဂလာခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအတွင်းရေးမှူး ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်မင်း၊ ဦးသိန်းဆွေနှင့် သူရဦးအေးမြင့်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

✡ ကျောဖုံးမှ

အသင်းဗဟိုဌာနချုပ်မှတာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ လူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လူငယ်တွေ့ဆုံပွဲ အခမ်းအနားကို မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင်လူငယ်မောင်မယ်များက ရာသက်ပန်ပြည်ထောင်စုသီချင်းနှင့် ပြည်မြန်မာသီချင်းတို့ကို သီဆိုကြပြီး ဖွင့်လှစ်ကြသည်။

သဘာပတိ

လူငယ်တွေ့ဆုံပွဲအခမ်းအနားတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအတွင်းရေးမှူး ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးအောင်မင်း၊ ဦးသိန်းဆွေနှင့် သူရဦးအေးမြင့်တို့ကဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်းမှ မပုံ့ပုံ့အောင်သန်းဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်းမှ မစန္ဒာဝင်းတို့က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိနှင့်အဖွဲ့ဝင်များက နေရာယူကြပြီး အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြသည်။

ထို့နောက်သဘာပတိပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားသည်။

(အထွေထွေအတွင်းရေးမှူးဦးဌေးဦး၏ အမှာစကားကို စာမျက်နှာ ၄ တွင် သီးခြားဖော်ပြထားပါသည်။)

ကချင်ပြည်နယ်

ယင်းနောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသီးသီးမှ လူငယ်ကိုယ်စားလှယ်များက သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ရှေးဦးစွာကချင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်မရန်ဘရန်ရှောင်က ဆွေးနွေးတင်ပြရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြောက်ဘက်အကျဆုံး မေခနှင့် မလိခ မြစ်ဆုံဆည်းရာ မြစ်မင်းဧရာဝတီ စတင်ဖြစ်ပေါ်ရာဒေသ ကချင်၊ ချင်း၊ ဗမာ၊ ရှမ်းစသည့် တိုင်းရင်းသား မျိုးနွယ်စုများအတူတကွ ပေါင်းစည်းနေထိုင်ကြပြီး သဘာဝသယံဇာတ ပေါကြွယ်လှသည့် မနောမြေသည် ယခင်ကာလများနှင့်မတူ တစ်မူထူးခြား ဖွံ့ဖြိုးတိုးတက်လာခဲ့သည်များကို တင်ပြလိုကြောင်း။

အထူးတလည်တွေ့ရှိ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးမှုကဏ္ဍတွင် ကချင်ပြည်နယ်၏ မျက်မှောက်ဖွံ့ဖြိုးမှုကို လေ့လာလျှင် ကချင်အထူးဒေသ(၁)၊ ကချင်အထူးဒေသ(၂)များတွင် အထူးတလည် တွေ့ရှိရမှာ ဖြစ်ပါကြောင်း။

လယ်ယာကဏ္ဍမှာဆိုလျှင် ကချင်ပြည်နယ်၏ စိုက်ပျိုးမြေဧရိယာသည် ယခင်က ဧကလေးသိန်းလေးသောင်းကျော်ရှိခဲ့ရာမှ ယခုအခါ ငါးသိန်းရှစ်သောင်းကျော်အထိ တိုးမြှင့်လာခဲ့ပါကြောင်း၊ မိုးစပါး၊ နွေစပါးယခင်ကထက်နှစ်ဆနီးပါး တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့၍ ဝမ်းစာဖူလုံရုံမက ပိုလျှံလာပြီဖြစ်ပါကြောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် တိရစ္ဆာန်မွေးမြူရေးကို ယခင်ကထက် သုံးဆနီးပါး တိုးတက်မွေးမြူလာနိုင်ပြီဖြစ်ပါကြောင်း၊ ငါးမွေးမြူရေးကန် ဧကမှာလည်း ၁၄ဆမျှ တိုးတက်လာပြီ ဖြစ်ပါကြောင်း။

ကချင်ပြည်နယ်တွင် ကျောက်စိမ်းရတနာမြေရှိပြီး ကြေးနီ၊ ရွှေ၊ ကျောက်မီးသွေး၊ ပတ္တမြားထွက်ရှိပါကြောင်း၊ ကမ္ဘာကျော်သည့် ကျောက်စိမ်းထွက်ရှိမှုမှာလည်း ယခင်ကထက် ကီလိုထောင်ပေါင်းများစွာ တူးဖော်ထွက်ရှိလာခဲ့သဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများစွာရှာဖွေပေးနေပါကြောင်း။

လျှပ်စစ်စွမ်းအား

လျှပ်စစ်စွမ်းအားကဏ္ဍမှာဆိုလျှင် ယခင်အချိန်က ပြည်နယ်အတွင်းတွင် လျှပ်စစ်ဓာတ်အား ယူနစ် ၁ဒသမ ၃၇၁သန်းသာ သုံးစွဲနိုင်ခဲ့ရာ မျက်မှောက်ကာလတွင် ယူနစ်ပေါင်း ၁၇ ဒသမ ၅၀၈အထိ များစွာတိုးတက်သုံးစွဲနိုင်ပြီဖြစ်ပါကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ဂလိုင်ချောင်း၊ ကျိန်ခရမ်ခ၊ နမ်ခမ်းခ အလတ်စားရေအားလျှပ်စစ် စက်ရုံသုံးရုံကို တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုပြည်နယ်အတွင်း၌ မလိချောင်း၊ တဘက်ချောင်း အကြီးစားရေအား လျှပ်စစ်စီမံကိန်းနှစ်ခုကို ထပ်မံတည်ဆောက်လျက်ရှိပြီး မကြာမီအချိန်တွင် ၄၈ ဒသမ ၁၉၆ မဂ္ဂါဝပ်အထိ အသုံးပြုနိုင်တော့မှာ ဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍမှာဆိုလျှင်လည်း အခြေခံပညာကျောင်းများကို နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများတွင် တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ အခြေခံပညာကျောင်းပေါင်း ၁၃၇ ကျောင်း တိုးပွားလာခဲ့ပြီး ဆရာ ဆရာမအင်အား နှစ်ဆတိုးတက်လာခဲ့ပါကြောင်း၊ ယခုဆိုရင် ပြည်နယ်အတွင်း၌ ကျောင်းသားပေါင်း ၂၈၀၀၀၀ကျော် ပညာဆည်းပူးလျက်ရှိပါကြောင်း။

နိုင်ငံတော်က ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု ချမှတ်ဖော်ဆောင်ပေးခဲ့ရာ ကချင်ပြည်နယ်မှ မြစ်ကြီးနား၊ ဗန်းမော်ဒေသလည်းပါဝင်ခဲ့ပါကြောင်း၊ ယခင်က ဒီဂရီ၊ကောလိပ် တစ်ခုတည်းသာရှိခဲ့ရာမှ ယခုတက္ကသိုလ်တစ်ခု၊ ဒီဂရီကောလိပ်နှစ်ခု၊ ကွန်ပျူတာကောလိပ်နှစ်ခု၊ သိပ္ပံနှင့် နည်းပညာကောလိပ်နှစ်ခုကို တိုးချဲ့ ဖွင့်လှစ်ပေးနိုင်ခဲ့၍ ဒေသတွင်းမှာ ပညာတတ်များကို မွေးထုတ်ပေးနိုင်ပြီ ဖြစ်ပါကြောင်း။

နိုင်ငံတော်က ကချင်ပြည်နယ်တွင် စာတိုက်စခန်း ၇၈ခု၊ ကြေးနန်းရုံး ၂၉ခု၊ ဖက်စ်မီလီ ၄၈ခု၊ ကွန်ပျူတာကြေးနန်း ခြောက်ခု၊ တယ်လီဖုန်းရုံး ၅၅ရုံး၊ မိုက္ကရိုဝေ့ဗ်စခန်း ၁၃ခု၊ ကျေးလက်တယ်လီဖုန်းအိတ်ချိန်း ၁၇ခု၊ အီးမေးလ်အင်တာနက် ခြောက်ခုနှင့် ဂြိုဟ်တုဆက်သွယ်ရေးစခန်း ခြောက်ခုတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

လမ်းတံတား

လမ်းတံတားကဏ္ဍကို တင်ပြရလျှင် ယခင်ရွှေဘို-မြစ်ကြီးနားကားလမ်းသည် အမည်ခံသာရှိပြီး လွယ်ကူစွာသွားလာနိုင်သော လမ်းမဟုတ်ပါကြောင်း၊ယခုဆိုလျှင် အရှည်မိုင် ၃၅၀ရှိသည့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းအပြင် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် အရှည်မိုင် ၄၁၇ မိုင်ရှည်သည့် မန္တလေး-ရွှေကူ-ဗန်းမော်-မြစ်ကြီးနားလမ်း ကိုလည်း ဖောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ဧရာဝတီမြစ်ကူးတံတားဖြစ်သည့် အရှည်ပေ ၂၆၈၈ ရှိသည့် ဗလမင်းထင်တံတားအပါအဝင် ပြည်နယ်အတွင်း ပေ ၁၈၀ အထက်တံတား ၁၅စင်း၊ ပေ ၁၈၀ အောက်တံတား၂၂၆စင်းတည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

ကျန်းမာရေးကဏ္ဍကို ကြည့်မည်ဆိုလျှင် ယခင်က တစ်ပြည်နယ်လုံးတွင် ဆေးရုံ ၃၅ ရုံသာရှိခဲ့ရာမှ ယခုဆိုလျှင် ၄၄ ရုံရှိလာပြီဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးရုံတစ်ရုံနှင့် ဆေးပေးခန်းငါးခုကိုလည်း တိုးမြှင့်ဖွင့်လှစ်ပေးထားနိုင်ပြီဖြစ်ပါကြောင်း။

အားကြိုးမာန်တက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် မိမိတို့လူငယ်များသည် အမျိုးချစ်သည့်စိတ်ဓာတ်အစဉ်ထာဝရ ရှင်သန်ထက်မြက်လာအောင် ဆောင်ရွက်ရင်း မဝေးတော့သည့် အနာဂတ်ရွှေပြည်သစ်ကြီးဆီသို့ အားကြိုးမာန်တက်ချီတက်သွားကြပါမည်ဟု ကတိပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့်ပြောကြားသွားသည်။

ကယားပြည်နယ်

ထို့နောက် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မမြစန္ဒာအောင်က ဆွေးနွေးတင်ပြရာတွင် ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်ကုန်းမြင့်တွင် ပါဝင်ပြီး ဧရိယာအကျယ်အဝန်း စတုရန်းမိုင် ၄၅၃၀ခန့် ကျယ်ဝန်းပါကြောင်း။

ကယားပြည်နယ်အတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် မျိုးနွယ်စုပေါင်း ၃၁၂၀၀၀ခန့်သည် ပြည်ထောင်စုလေးသဖွယ် မှီတင်းနေထိုင်ကြပါကြောင်း၊ တစ်စတုရန်းမိုင်လျှင် ၆၉ဦးခန့် နေထိုင်ကြပါကြောင်း။

ကားလမ်းတိုးချဲ့မှု

ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို တင်ပြရမည်ဆိုလျှင် နယ်စပ်ဒေသဖွံ့ဖြိုးမှု၌ လမ်းတံတားလုပ်ငန်းကဏ္ဍသည် ယခင်က လုံးဝမရှိခဲ့ရာမှ ယခုမြေသားလမ်း ၁၇၉မိုင် ၃ဖာလုံ၊ ကျောက်ခင်းလမ်း ၁၇၆မိုင် ၁ဖာလုံနှင့် ကတ္တရာလမ်းမိုင် ၁၃မိုင် တိုးတက်လာခဲ့ပါကြောင်း၊ ပြည်နယ်အတွင်း ကားလမ်းများ တိုးချဲ့မှုတွင်လည်း ယခင်က ၃၉၆ မိုင် ရှိခဲ့ရာမှ ယခုအခါ ၅၈၁ မိုင်ထိ တိုးတက်လာခဲ့ပါကြောင်း။

နယ်စပ်ဒေသ ကျန်းမာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှာလည်း ဆေးရုံငါးရုံ၊ ဆေးပေးခန်းသုံးခု၊ ကျေးလက်ကျန်းမာရေးဌာန ၂၂ ခု တိုးတက်လာခဲ့ပါကြောင်း။

ပြည်နယ်အတွင်းတွင်လည်း ခုတင်(၂၀၀)ဆံ့ ဆေးရုံတစ်ရုံနှင့် (၂၅)ခုတင်ဆံ့ဆေးရုံ ခုနစ်ရုံထိ တိုးတက်လာခဲ့ပါကြောင်း။

အခြေခံပညာရေးကဏ္ဍအနေဖြင့် ယခင်က အခြေခံပညာကျောင်းပေါင်း ၃၃၃ကျောင်းရှိခဲ့ရာမှ ယခုအခါ ကျောင်းပေါင်း ၃၈၈ ကျောင်းထိ တိုးတက်လာခဲ့ပါကြောင်း၊ ထို့အပြင် မာလ်တီမီဒီယာစာသင်ခန်း ယခင်က မရှိခဲ့ရာ ယခု ၂၁ခုနှင့် e-Learning Centre၁၃ခု ထိတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တိုးတက်မှုကိုကြည့်လျှင် ယခင်က နယ်စပ်ဒေသတွင် ဆည်နှင့်မြစ်ရေတင်လုပ်ငန်းမရှိခဲ့ရာ ယခုအခါဆည် ၁၀ခုနှင့်မြစ်ရေတင်လုပ်ငန်း သုံးခု တိုးတက်လာခဲ့ပါကြောင်း၊ ပြည်နယ်အတွင်း မိုးစပါးစိုက်ဧကအနေဖြင့် ယခင်က ၅၆၀၀၇ ဧကရှိခဲ့ရာမှ ယခု မိုးစပါးစိုက်ဧက ၈၁၁၂၅ဧကနှင့် နွေစပါးစိုက်ဧက ၈၆၂၀ တိုးချဲ့စိုက်ပျိုး နိုင်ခဲ့ခြင်းကြောင့် စုစုပေါင်း ထုတ်လုပ်မှုသည် တင်းငါးသန်းလေးသိန်းကျော် တိုးတက်လာခဲ့ပါကြောင်း၊သီးထပ်ဧရိယာဖြစ်ထွန်းမှုအနေဖြင့် ယခုအခါ ၃၃၃၇၇ ဧက၊ ပဲမျိုးစုံစိုက်ဧက ၃၈၂၉၄ ဧက၊ အစေ့ထုတ်ပြောင်း စိုက်ဧက ၁၆၉၂၈ ဧက တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါကြောင်း။

သစ်တောကဏ္ဍတွင် သစ်တောပြုစုပျိုးထောင်မှုသည် ယခင်ကကြိုးဝိုင်းတော ၇၄စတုရန်းမိုင်ရှိခဲ့ရာမှ ယခုဆိုလျှင် စတုရန်းမိုင် ၂၇၀ ထိ တိုးတက်လာခဲ့ပါကြောင်း၊ ကြိုးပြင်ကာကွယ်တော ယခင်ကမရှိခဲ့ရာမှ ယခု ၁၉၂၇ စတုရန်းမိုင် တိုးတက်ခဲ့ပါကြောင်း။

သစ်တောစိုက်ခင်းထူထောင်ခြင်းကိုကြည့်မည်ဆိုလျှင် ရေဝေရေလဲ စိုက်ခင်း ၂၉၃၅ဧက၊ သစ်ဆိမ့်ပင် စိုက်ဧက ၃၀၀ရှိလာပြီဖြစ်သည့်အတွက် ယခင်က သစ်တောစိုက်ခင်းထူထောင်ခြင်းသည် စုစုပေါင်း ဧက ၂၀၀ရှိခဲ့ရာမှ ယခု ၆၉၂၇ဧကထိ တိုးတက်လာခဲ့ပါကြောင်း။

ယခင်က မိမိတို့ ကယားပြည်နယ်တွင် ရထားပို့ဆောင်ရေးကဏ္ဍသည် လုံးဝမရှိခဲ့ရာမှ ယခုအခါ ရထားလမ်းခရီးမိုင် ၈ဒသမ ၅၉မိုင်၊ သံလမ်းမိုင် ၁၀ ဒသမ ၉၀ တိုးတက်လာခဲ့ပါကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်းမှ မပုံ့ပုံ့အောင်သန်းဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်းမှ မစန္ဒာဝင်းတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ရေအားလျှပ်စစ်

လျှပ်စစ်စွမ်းအားကဏ္ဍမှာလည်း ယခင်က ရေအားလျှပ်စစ်စက်ရုံ နှစ်ရုံရှိခဲ့ရာမှ ယခုအခါ စက်ရုံသုံးရုံထိ တိုးတက်လာခဲ့ပါကြောင်း၊ စက်တပ်ဆင်အင်အားမှာလည်း ၁၉၆ ဒသမ ၇၀၃ မဂ္ဂါဝပ် ထိတိုးချဲ့တပ်ဆင်နိုင်ခဲ့ပြီး ဓာတ်အားသုံးစွဲမှု အနေဖြင့်လည်း ယူနစ်(သန်းပေါင်း) ၂၀ ဒသမ ၉၅၀ထိ တိုးတက်လာခဲ့ပါကြောင်း။

နယ်စပ်ဒေသ ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုမှာ ယခင်ကစာတိုက်၊ ကြေးနန်းနှင့် တယ်လီဖုန်းလုပ်ငန်းများ လုံးဝမရှိခဲ့ရာမှ ယခုစာတိုက် နှစ်ခု၊ ကြေးနန်းရုံး သုံးရုံးနှင့် တယ်လီဖုန်းရုံး သုံးခု တိုးတက်လာခဲ့ပါကြောင်း။

ပြည်နယ်အတွင်းတွင်လည်းယခင် စာတိုက်စခန်း ရှစ်ခုမှ ယခု ၁၃ ခု၊ ယခင်က ကြေးနန်းရုံး သုံးခုမှ ယခု ၁၁ခု၊ မိုက္ကရိုဝေ့ဗ်စခန်းလုံးဝမရှိခဲ့ရာမှ ယခုတစ်ခု၊ ကျေးလက်တယ်လီဖုန်းအိတ်ချိန်းလုံးဝမရှိခဲ့ရာမှ ယခုခြောက်ခု တိုးတက်လာခဲ့ပါကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

10-5 (11).p65 1 3/25/05, 9:40 AM

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်မရန်ဘရန်ရှောင်က ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲအခမ်းအနားတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင် လူငယ်မောင်မယ်များက ရာသက်ပန်ပြည်ထောင်စုသီချင်းနှင့် ပြည်မြန်မာသီချင်းတို့ကို သီဆိုပြီး ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကျေးလက်တံတားများ ယခင်ကမရှိခဲ့သော်လည်း ယခုအခါ ၁၇၅ စင်း တိုးချဲ့တည်ဆောက်ပေးနိုင် ဒေသခံတိုင်းရင်းသားများနှင့် လက်တွဲဆောင်ရွက်ခဲ့သဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်နေ

စာမျက်နှာ ၁၁ မှ

ကြိုးပမ်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ ဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းခြင်းနှင့် စည်းလုံးညီညွတ်ခြင်း၏ ရလဒ်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းခြင်းအရသာနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို မိမိတို့ တိုင်းရင်းသားပြည်သူများ ထာဝရ ခံစားနိုင်အောင် ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝစွာဖြင့် မိမိတို့ ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်မှ အသင်းဝင်များက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ကရင်ပြည်နယ်

ယင်းနောက် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ နော်ဗွေဖဇော်ဖောက ဆွေးနွေးတင်ပြရာတွင် ကရင်ပြည်နယ်ကို ဘားအံခရိုင်၊ ကော့ကရိတ်ခရိုင်၊ မြဝတီခရိုင်ဟူ၍ ခရိုင်သုံးခရိုင်ဖြင့် ဖွဲ့စည်းထားပါကြောင်း၊ မြို့နယ် ခုနစ်မြို့နယ်ပါဝင်သည့် ကရင်ပြည်နယ်ကြီးသည် ဧရိယာ စတုရန်းမိုင်ပေါင်း ၁၁၇၃၀ ကျယ်ဝန်းပြီး ကရင်၊ ပအိုဝ်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ ပူးပေါင်းနေထိုင်လျက်ရှိကြောင်း၊ လက်ရှိလူဦးရေမှာ ၁၆၅၃၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၁၄၅ ဦး နေထိုင်လျက်ရှိပါကြောင်း။

လမ်း၊ တံတားလုပ်ငန်း

ကရင်ပြည်နယ်၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှာ ကရင်ပြည်နယ်အတွင်း၌ ယခင်က ဖွံ့ဖြိုးရေးဒေသမရှိခဲ့သော်လည်း ယခုအခါ ဖွံ့ဖြိုးရေးဒေသတစ်ခုဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ပါကြောင်း၊ ယခုအခါတွင် ကရင်ပြည်နယ်အတွင်း ခရီးလမ်းပန်း တစ်ခေတ်ဆန်းရန်အတွက် အကောင်အထည်ဖော်ခဲ့ရာတွင် လမ်း၊ တံတားလုပ်ငန်းအနေဖြင့် ယခုအခါ မြေသားလမ်းမိုင် ၁၅၉ မိုင်၊ ကျောက်ခင်းလမ်း ၂၂၉မိုင် ၂ဖာလုံ၊ ကတ္တရာလမ်း ၃၂မိုင် ၃ဖာလုံ၊ လမ်းပြုပြင်ထိန်းသိမ်းမှု ၃၅မိုင်၊ တံတားကြီးတစ်စင်းနှင့် တံတားငယ်အစင်း ၁၀၀ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကျန်းမာရေးလုပ်ငန်းအနေဖြင့် ယခင်ကဆေးရုံ၊ ဆေးပေးခန်း မရှိခဲ့သော်လည်း ယခုအခါ ဆေးရုံ နှစ်ရုံ၊ ဆေးပေးခန်း သုံးခန်းနှင့် ကျေးလက်ကျန်းမာရေး ၁၃ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အထောက်အကူပြုနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ပညာသင်ကြားပေးနိုင်

ထို့အပြင်ယခင်နယ်စပ်ဒေသတွင် ပညာရေးလုပ်ငန်းမရှိခဲ့သော်လည်းယခုအခါ မူလတန်းကျောင်း ၂၇ ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ အထက်တန်းကျောင်းလေးကျောင်းကို တည်ထောင်ကာ ဆရာ ဆရာမဦးရေ ၂၀၈ဦးဖြင့် ကျောင်းသား ၁၀၅၆၇ ဦးကိုလည်း ပညာသင်ကြားပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ယခင်က နယ်စပ်ဒေသများတွင် စိုက်ပျိုးရေးစခန်းမရှိခဲ့သော်လည်း ယခုအခါ စိုက်ပျိုးရေးစခန်း ခြောက်ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

တိုင်းရင်းသားပြည်သူများ လျှပ်စစ်စွမ်းအားရရှိစေရေးအတွက် ယခင်ကမရှိခဲ့သော်လည်း လျှပ်စစ်မီးစက် ၁၈လုံးကို ယခုအခါ တည်ထောင်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းမှာ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ခြောက်ရုံအထိတိုးတက်လာခဲ့ပြီးဖြစ်ပါကြောင်း။

တိုးတက်ထုတ်လုပ်နိုင်

ကရင်ပြည်နယ်အတွင်းလယ်ယာစိုက်ပျိုးရေးကဏ္ဍ မြစ်ရေတင်လုပ်ငန်းအနေဖြင့် ယခင်က မရှိခဲ့သော်လည်း ယခုအခါ မြစ်ရေတင် လုပ်ငန်းငါးခုကို ဆောင်ရွက်နိုင်ပြီးဖြစ်ပါကြောင်း၊ စပါးစုစုပေါင်းထုတ်လုပ်မှုအနေဖြင့်ယခင်က စပါးတင်း ထောင်ပေါင်း ၁၆၀၁၉တင်း ထွက်ရှိခဲ့ရာမှ ယခု ၃၁၂၈၄တင်းထွက်ရှိခဲ့သဖြင့် တိုးတက်မှုမှာ စပါးတင်း ထောင်ပေါင်း ၁၅၂၆၅ တင်းထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်ပြည်နယ်တွင် ယခင်က စပါး–ငါး တွဲဖက်စိုက်ပျိုးမှုဧကမရှိခဲ့သော်လည်း ယခုအခါ ဧက ၂၄၀ ထိတိုးတက်စိုက်ပျိုး မွေးမြူပြီး ပုစွန်မွေးမြူရေး ရေပြင်ဧက အဖြစ် ယခင်ကမရှိခဲ့သော်လည်း ယခုဆိုလျှင် ဧက ၈၀ထိ တိုးတက် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ကရင်ပြည်နယ်အတွင်း ပညာရေးကဏ္ဍအနေဖြင့် ယခင်ကအခြေခံပညာသင်ကျောင်း ၁၁၄၉ ကျောင်းရှိခဲ့ရာမှ ယခုအခါ ၁၂၉၅ ကျောင်းရှိခဲ့ရာကျောင်းပေါင်း ၁၄၆ကျောင်း တိုးတက်သည့် အပြင်မာလ်တီမီဒီယာစာသင်ခန်း ၄၂ ကျောင်း၊ e-Learning Center ၁၈ ကျောင်းနှင့် မူလတန်းကြိုကျောင်း ၃၃ ကျောင်းတို့ကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် အဆင့်မြင့်ပညာ မြှင့်တင်ရေးအနေဖြင့် တက္ကသိုလ်ကောလိပ်၊ ဒီဂရီကောလိပ်နှစ်ခုသာရှိခဲ့ရာမှ ယခုအခါလေးခုထိရှိပြီးဖြစ်ပါကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှု

ယခုဆိုလျှင် ကရင်ပြည်နယ်အတွင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ယခင်ကဆေးရုံ ၁၇ရုံသာ ရှိခဲ့သော်လည်း ယခုအခါ ၂၆ရုံရှိနေပြီး ဖြစ်သည့်အပြင် တိုင်းရင်းဆေးရုံတစ်ရုံ ကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

ကရင်ပြည်နယ်အတွင်း ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ယခင်က စာတိုက်စခန်း ၂၇ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် ၃၃ခုထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် ယခင်က မရှိခဲ့သော အော်တိုရေဒီယိုတယ်လီဖုန်း ၂၂၉ လုံးနှင့် ကျေးလက်တယ်လီဖုန်း အိတ်ချိန်း လေးခု၊ အင်တာနက်တစ်ခုကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

ပေ ၁၈၀ အထက် တံတားကြီးအနေဖြင့် ယခင်က ရှစ်စင်းသာရှိခဲ့ရာမှ ယခုဆိုလျှင် ၁၃စင်းထိ တိုးတက်လာသောကြောင့် သံလွင်တံတား(ဘားအံ) အပါအဝင် တံတားကြီး ငါးစင်းကို တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

ထို့အပြင် ပေ ၁၈၀ အောက်တံတားယခင်က ၁၁၇စင်းသာရှိခဲ့ရာမှ ယခုအခါ၂၆၃စင်းထိ ရှိနေပြီးဖြစ်သည့် အတွက်တံတားပေါင်း ၁၄၆ စင်း တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ထို့အပြင် သစ်ဆိမ့်ပင် စိုက်ခင်းကလည်း ယခင်ကမရှိခဲ့သော်လည်း ယခုအခါ ဧက ၄၅၀အထိ စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

တိုးချဲ့တည်ဆောက်

နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် ကရင်ပြည်နယ်အတွင်း မြို့ရွာစည်ပင်ဖွံ့ဖြိုးမှုကဏ္ဍအနေဖြင့် ၁၉၈၈ ခုနှစ်အထိ မြို့ပြလမ်း ၆၇မိုင် ၃ဖာလုံသာရှိခဲ့ရာမှ ယခုအခါ ၈၅မိုင် ၆ဖာလုံရှိနေပြီဖြစ်သောကြောင့် မြို့ပြလမ်း ၁၈မိုင် ၃ဖာလုံကို တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီး မြို့ပြတံတားများအနေဖြင့် ယခင်ကမရှိ

ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မမြစန္ဒာအောင်က ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ နော်ဗွေဖဇော်ဖောက ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ခဲ့သော်လည်း ယခုအခါ ၂၃၇စင်းထိ တိုးတက် တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျေးလက်လမ်းများမှာ ယခင်က ၃၂၉ မိုင် ၅ ဖာလုံသာ ရှိခဲ့သော်လည်း ယခုအခါ ၁၄၁၃မိုင် ၆ဖာလုံထိ ဖောက်လုပ်နိုင်ခဲ့ပြီးဖြစ်သောကြောင့် တိုးတက်မှုမှာ ၁၀၈၄မိုင် ၁ ဖာလုံ တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျေးလက်တံတားများအနေဖြင့် ယခင်ကမရှိခဲ့သော်လည်း ယခုအခါ ၁၇၅ စင်း တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်၏ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများနှင့်အတူ မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်များသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံတိုင်းရင်းသားများနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သဖြင့် သက်ဆိုင်ရာ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်နေပြီးဖြစ်ကြောင်း လေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

(ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၀–၅–၂၀၀၅
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ မအီချောင်းတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၄၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၁၅ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း–၉၂)
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ တေးဂီတအစီအစဉ်
၁၉:၂၀ ၁၃။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉:၃၀ ၁၄။ ကြေးမုံရိပ်သွင် တေးနုယဉ်
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်း၏ ချစ်သံစဉ်"** (အပိုင်း–၁၆)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်ကိုယ်စားလှယ်များ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ စပေါင်းသစ်ပင်စိုက်ပျိုး၊ သမိုင်းဝင်ဘုရားများ ဖူးမြော်ကြည်ညို

ရန်ကုန် မေ ၉

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသည့် လူငယ်တွေ့ဆုံပွဲသို့တက်ရောက်ကြမည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်ကိုယ်စားလှယ်များသည် မေ ၇ရက် နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲ စပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်ပေါင်း ၁၂၉၀ကို တပျော်တပါး စပေါင်းစိုက်ပျိုးကြသည်။

စပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သီရိပစ္စယာလမ်းဆုံ၌ နံနက် ၆နာရီခွဲတွင် ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များသည် ခရေနှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

စပေါင်းစိုက်ပျိုး

ထို့နောက် အိမ်တော်အဝင်လမ်း တောင်ဘက်၌ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်ကိုယ်စားလှယ်များသည် သစ်ပင်ပေါင်း ၈၉၀ကို တပျော်တပါး စပေါင်းစိုက်ပျိုးကြသည်။

အလားတူ အိမ်တော်လမ်းနှင့် သီရိပစ္စယာလမ်းကြား ထောင့်ချွန်းကွက်လပ်၌ ပဲခူးတိုင်း(အရှေ့)နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ် ကိုယ်စားလှယ်များသည် သစ်ပင်ပေါင်း ၁၆၀ကို လည်းကောင်း၊ သီရိပစ္စယာဟိုတယ် အဝင်လမ်းမြောက်ဘက်၌ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်း (အနောက်)တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် လူငယ်ကိုယ်စားလှယ်များသည် သစ်ပင်ပေါင်း၂၄၀ကို လည်းကောင်း အသီးသီး တပျော်တပါး စပေါင်းစိုက်ပျိုးကြသည်။

ယနေ့ကျင်းပသည့် စပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် တမာ၊ ကုက္ကို၊ မန်ကျည်း၊ သစ်ဆိမ့်၊ သရက်၊ မဲဇလီ၊ ကံ့ကော်၊ ပုန်းညက်၊ ဆီသပြေ၊ စိန်ပန်းလေး၊ စိန်တံချူ၊ အကျော်၊ တရုတ်စကား၊ စက္ကူပန်းနှင့် မန်ကျန်ရှား သစ်ပင်နှင့် ပျိုးပင်ပေါင်း ၁၂၉၀ ကို အိုးစည်ဒိုးပတ်၊ အကအခုန်များဖြင့် တပျော်တပါး စပေါင်း စိုက်ပျိုးကြသည်။

ဖူးမြော်ကြည်ညို

လူငယ်တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်ကိုယ်စားလှယ်များသည် ညနေ၃နာရီတွင် အဖွဲ့သုံးဖွဲ့ခွဲကာ ပုဂံဒေသရှိ ရှေးဟောင်းသမိုင်းဝင် ရွှေစည်းခုံစေတီတော်၊ အာနန္ဒာဘုရား၊ ဓမ္မရံကြီးဘုရား၊ လောကနန္ဒာဘုရားများအား လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်ကိုယ်စားလှယ်များ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသည့် စပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်များကို တပျော်တပါး စပေါင်းစိုက်ပျိုးကြစဉ်။ (သတင်းစဉ်)

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသည့် စပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များက ခရေနှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

သဲအင်းဂူခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၉

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဥတ္တရ(လားရှိုး) အရှင်သူမြတ်က မေ ၂၂ရက်မှ ၂၉ရက်အထိ ခုနစ်ရက် တရားစခန်းဖွင့်လှစ်၍ သမထဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် မေ၂၁ရက်(စနေနေ့)ညနေ ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာတစ်လွှား အားကစား

ဂျူဗင်းတပ်စ်က အေစီမီလန်ကိုနိုင် စီးရီးအေဖလားရယူရန်ချိန်ရွယ်

မီလန် မေ ၉

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲများကို မေ၈ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယားထိပ်ဆုံးရောက် အေစီမီလန်အသင်းကို ဂျူဗင်းတပ်စ်အသင်းက အနိုင်ရပြီး ဇယားထိပ်ဆုံးနေရာကို ရယူလိုက်သည်။

ဂျူဗင်းတပ်စ်အသင်းသည် အေစီမီလန်ကွင်း ဆန်စီယိုကွင်း၌သွားရောက်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး စီးရီးအေဖလားရရှိရေး ချိန်ရွယ်လိုက်သည်။

ဒေးဗစ်ထရက်ဇီဂေးက ပထမပိုင်း မိနစ်၂၀မှာပင် ဂျူဗင်းတပ်စ်အတွက် အနိုင်ဂိုးကို သွင်းထားပေးနိုင်ခဲ့သည်။ ဂျူဗင်းတပ်စ်တို့ ယင်းပွဲအနိုင်ရ၍ ထိပ်ဆုံးမှ သုံးမှတ်အသာဖြင့် အေစီမီလန်အသင်းကို ဦးဆောင်ခွင့်ရသွားသည်။

ဒေးဗစ်ထရက်ဇီဂေး ဂိုးသွင်းပြီးနောက်မကြာမီ ဒယ်ပီယာရို ဂိုးသွင်းခွင့်များ ဖန်တီးနိုင်သော်လည်း အေစီမီလန်ဂိုးသမားဒီဒါ၏ စေ့စပ်သေချာမှုကြောင့် ဂျူဗင်းတပ်စ်တို့ နောက်ထပ်ဂိုးများ မသွင်းနိုင်ခဲ့ပေ။

ဒုတိယပိုင်းတွင် အေစီမီလန်တို့ ချေပဂိုးသွင်းနိုင်ရေးအတွက် ဖိကစားလာရာ တိုက်စစ်မှူးရှက်ဗ်ချင်ကိုနှင့် ကာဖူးတို့ အနီးကပ်ဂိုးသွင်းခွင့်များ ရခဲ့သည်။ သို့ရာတွင် ဂိုးမရခဲ့ပေ။

ပွဲချိန် ၅၇မိနစ်တွင် အေစီမီလန်တို့ ချေပဂိုးသွင်းခွင့် အခွင့်အလမ်းတစ်ရပ်ကို လူစားဝင်လာသူအင်ဇာဂီကအပိုင်ကန်သွင်းယူခဲ့သည်။ သို့ရာတွင် ဂျူဗင်းတပ်စ်ဂိုးသမားဘက်ဖွန်းနှင့် ဒိုင်လူကြီးကြောင့် ဂိုးမဝင်ခဲ့ချေ။

ပွဲပြီးရန် မိနစ်ပိုင်းအလိုတွင် အေစီမီလန် တိုက်စစ်မှူးများဖြစ်ကြသည့် အင်ဇာဂီနှင့် ရှက်ဗ်ချင်ကိုတို့က ဂျူဗင်းတပ်စ်နှင့် အမှတ်ခွဲဝေယူရန် အခွင့်အလမ်းများ ရရှိသော်လည်း ဘက်ဖွန်း၏ ကာကွယ်နိုင်မှုကြောင့် အေစီမီလန်တို့ ဂျူဗင်းတပ်စ်ကို အရှုံးပေးလိုက်ရသည်။ **(အင်တာနက်)**



အေစီမီလန်အသင်းနှင့် ဂျူဗင်းတပ်စ်တို့ ယှဉ်ပြိုင်ကစားရာတွင် အေစီမီလန် တိုက်စစ်မှူး ရှက်ဗ်ချင်ကို (ဝဲ) နှင့် ဂျူဗင်းတပ်စ်မှ အီမာဆင်တို့ ဘောလုံးယှဉ်လုကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက် စွန်ရဲအသင်းက ကြယ်ပွင့်လေးများကို အနိုင်ရ

ရန်ကုန် မေ ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ဆက်လက်ကျင်းပရာ စွန်ရဲအသင်းက ကြယ်ပွင့်လေးများ(က)အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စွန်ရဲအသင်းအတွက် အနိုင်ဂိုးများကို လင်းထိုက်နှင့် ချစ်ဝေဖြိုးက နှစ်ဂိုးစီနှင့် စောဒိုစိုး၊ စောသက်ခိုင်နှင့် မင်းသူတို့က တစ်ဂိုးစီ သွင်းယူပေးသည်။ စီးပွား/ကူးသန်း(ခ)အသင်းကို အမည်ပြောင်းလဲထားသော စွန်ရဲအသင်းသည် ယနေ့ပွဲအနိုင်ရရှိသဖြင့် ကိုးပွဲကစား ၂၅မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

ယနေ့ပွဲ

မေ ၁၀ရက် **(ယနေ့)** ညနေ ၄နာရီတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ စက်မှု(၁)အသင်းနှင့် တပ်မတော်(ရေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၅-၂၀၀၅ (အင်္ဂါနေ့)

၇:၀၀	MRTV-4 ၏အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	စီမံအုပ်ချုပ်မှုဒီပလိုမာသင်တန်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ပြည်တွင်းသတင်းအကျဉ်း
၇:၃၀	ဝါသနာရှင်စင်မြင့်
၈:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၁၀	ဆေးလိပ်သောက်သုံးခြင်း၏ ဆိုးကျိုးများ
၈:၂၀	တေးဂီတအစီအစဉ်
၈:၂၅	ရှားပါးသော ရေချိုရေငန် စပ်မိကျောင်းများ
၈:၃၅	ပြည်တွင်းသတင်းအကျဉ်း
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	အောင်ကိုနှင့် သူ၏ဖန်တီးမှုအနုပညာ
၉:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၁၅	ဇိုက္ကရဲရေထိန်းတံခါး
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	မိုးလေဝသခန့်မှန်းချက်
၉:၃၀	မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီး
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	Say it in English
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	ငွေတောင်သူတို့ရိုးရာ ဂျပ်ခုတ်အထည်ရတနာ
၁၀:၃၀	ဂီတလွင်ပြင် (The Trees Band)
၁၁:၀၀	MRTV-4 ၏အပိတ် Logo

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

စာမျက်နှာ ၆ မှ

(ဒေါ်နန်းခမ်းလောဝ်၏ ထောက်ခံဆွေးနွေးချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ လဲချားမြို့နယ် တတ်မောက်ကျေးရွာအုပ်စု တတ်မောက်ကျေးရွာမှ ဦးစိုင်းထွန်းအောင်လေးက အဆိုရှင် တင်သွင်းသွားသော "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လဲချားမြို့နယ်မှဒေသခံ တိုင်းရင်းသားပြည်သူများကလုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုဒုတိယပိုင်းကို ထောက်ခံဆွေးနွေးသည်။

(ဦးစိုင်းထွန်းအောင်လေး၏ ထောက်ခံ ဆွေးနွေးချက်အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် လဲချားမြို့နယ် ဝမ်စဲ့ကျေးရွာအုပ်စု မတ်လန်းကျေးရွာမှ ဒေါ်နန်းလှိုင်ခမ်းက အဆိုရှင် တင်သွင်းသွားသော "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား လဲချားမြို့နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက်ဆန့်ကျင် ရှုတ်ချကြောင်း" အဆိုတတိယပိုင်းကို ထောက်ခံဆွေးနွေးသည်။

(ဒေါ်နန်းလှိုင်ခမ်း၏ထောက်ခံဆွေးနွေးချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါ နောက်လိုက်များ၏ အတင်းအဓမ္မခေါ်ဆောင်စေခိုင်းချက်အရ လဲချားမြို့နယ် ဝမ်ပန်ကျေးရွာ၌ ပြည်ပြေးတို့၏ မလိမ့်တပတ်ကျင်းပသော အခမ်းအနားတွင် ပြည်ပြေးတို့အလိုကျ စင်မြင့်ပေါ်သို့ တက်ရောက်ခဲ့ရသော ဝမ်ဟိုင့်ကျေးရွာအုပ်စု ဝမ်ပန်ကျေးရွာနေ ဦးဇဝန၊ နောင်ယာဆိုင်း ကျေးရွာနေ ဦးနန္ဒော(ခေါ်)ဦးလုံးဟိန်တော၊ တတ်မောက်ကျေးရွာနေ ဦးစိုင်းတွိနှင့်ဝမ်ပန်ကျေးရွာ သီရိမင်္ဂလာကျောင်းဆရာတော် စမ်းနော်(ခေါ်)ဦးတေဇိန္ဒတို့က ၎င်းတို့အနေဖြင့် ပြည်ပြေးတို့၏ အဓမ္မအနိုင်ကျင့်မှုကြောင့် မိမိတို့၏ ဆန္ဒမပါဘဲ ပြည်ပြေးတို့၏အလိုကျ အခမ်းအနားစင်မြင့်ပေါ်သို့ တက်ရောက်ခဲ့ရခြင်းသာ ဖြစ်ကြောင်း၊ ယခုအခမ်းအနားတွင် အဆိုတင်သွင်း ထောက်ခံဆွေးနွေးချက်များသည်သာ ပကတိအခြေအနေမှန်များဖြစ်ကြောင်း၊ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဒေသခံတိုင်းရင်းသားပြည်သူများနည်းတူ လုံးဝလက်မခံ ဆန့်ကျင် ရှုတ်ချပါကြောင်းဖြင့် အသီးသီးဝန်ခံပြောကြားကြသည်။

ဆက်လက်၍ ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) ခွဲထွက်(ဝမ်ယိမ်း)ဥက္ကဋ္ဌ ဦးမောင်လှကရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသော တိုင်းရင်းသားအဖွဲ့ ၁၀ဖွဲ့ကိုယ်စား ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချကြောင်း နှင့်ယခုအခမ်းအနား၏အဆိုတင်သွင်းခြင်း၊ထောက်ခံဆွေးနွေးခြင်းတို့ကို လှိုက်လှဲစွာ ထောက်ခံပါကြောင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် သဘာပတိ ဦးသြဝါဒက အခမ်းအနားတွင် အဆိုရှင် ဦးစိုင်းသန်းစိန်၏ **"ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား လဲချားမြို့နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို ဒေါ်နန်းခမ်းလောဝ်၊ ဦးစိုင်းထွန်းအောင်လေးနှင့် ဒေါ်နန်းလှိုင်ခမ်းတို့က အသီးသီးထောက်ခံ ဆွေးနွေးကြပြီးဖြစ်သဖြင့် ယင်းအဆိုကို အခမ်းအနားသို့ တက်ရောက်လာကြသော လဲချားမြို့နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူ ပရိသတ်ကြီး၏သဘောတူညီမှုကိုရယူကာ အတည်ပြုကြောင်းကြေညာသည်။

ထို့နောက် သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့်အခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းရင်းသားပြည်သူများသည် ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်ကြကာ "ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ"အခမ်းအနားကို နံနက် ၁၀ နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ အခမ်းအနားတွင် အခမ်းအနားမှူး ဒေါ်နန်းစုစုသွယ်နှင့် တွဲဖက်အခမ်းအနားမှူး ဒေါ်နန်းမြအေးတို့က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မဟာသန္တိသုခ အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၉

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ သင်တန်းမှူး ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိတ(မဟာဝိဇ္ဇာ၊ မာဂဓတက္ကသိုလ်)နှင့် သဒ္ဓမ္မဇောတိကဓေဆုထူးပန်ဆရာဟန်တို့ သင်ကြားပို့ချမည့် တတိယအကြိမ်မြောက် (စနေ၊တနင်္ဂနွေ)ညနေ အဘိဓမ္မာသင်တန်းများနှင့် ဋီကာကျော်သင်တန်းများ ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းသားဦးရေ ကန့်သတ်ထားရာ ဖုန်း–၅၄၄၉၃၈သို့ ဆက်သွယ်စာရင်းပေးပို့ကြရန်နှင့် မေ ၁၄ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင်ကျင်းပမည့် သင်တန်းဖွင့်ပွဲသို့ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။

(က–ပ)

ပန်နန်းဒင်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်စတင်ထုတ်လွှင့်

ရန်ကုန် မေ ၉

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ကချင်ပြည်နယ် ပန်နန်းဒင်တွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၅ခုနှစ် မေလရက်တွင် လုပ်ငန်းများ ပြီးစီးပြီဖြစ်သည်။

အဆိုပါစက်ရုံမှလွှင့်အား ၁၀၀ဝပ်၊ လှိုင်းနှုန်း ၆ဖြင့် မေ ၂ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံကြည်လင် ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ကျင်းပမည်

ရန်ကုန် မေ ၉

မြန်မာနိုင်ငံသူနာပြုအသင်း(ဗဟို)က ကြီးမှူး၍ ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင် သူနာပြုနေ့အခမ်းအနားကို ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ခန်းမဆောင်၌ အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ဖြစ်သော မေ ၁၂ရက် နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။

ယင်းအခမ်းအနားတွင် ယခုနှစ် ဆောင်ပုဒ်ဖြစ်သော Nurses for Patient Safety **'လုံခြုံစိတ်ချလူနာ ဘဝ၊ ပြုစုသည်မှာ သူနာပြုပါ'**နှင့်ပတ်သက်၍ သူနာပြုစုမှုဆိုင်ရာ သူနာပြုပညာရေး ဟောပြောဆွေးနွေးပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ဗဟိုအသင်းနည်းတူ ပြည်နယ်၊တိုင်းအသီးသီးရှိ သူနာပြုအသင်းခွဲများကလည်း အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ အခမ်းအနားများကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမည်ပြောင်း

ဦးစောခေါင်းစောင်း၏သမီး နော်ဇာအေထူး ၁၂/လကန(နိုင်)၁၆၀၃၀၇ကို ဇာဟေထူး(ခ)နော်ဆာရီထူးဟု ပြောင်းလဲခေါ်ပါရန်။ **နော်ဆာရီထူး။**

အမည်မှန်

အင်းစိန် အလက (၂) စတုတ္ထတန်း(A)မှ ဦးကျော်အေး–ဒေါ်ဝိုင်းရှေတို့၏သား မောင်အောင်ကိုထွေး(ခ)မောင်ဝင်းထွန်း၏ အမည်မှန်မှာ သန်းခေါင်စာရင်းအရ မောင်ဝင်းထွန်းဖြစ်ပါသည်။ **မောင်ဝင်းထွန်း။**



၁။ ဦးခင်မောင်မောင် ၁၂/ဥကတ(နိုင်)၁၁၄၂၇၇(မိသားစု)
၂။ ဦးသက်ခိုင်မြင့် ၁၂/ဗဟန(နိုင်)၀၃၁၆၀၂
၃။ ဒေါ်စန်းဝင်းမေ ၁၂/ဗဟန(နိုင်)၀၃၁၆၆ရနှင့်အများသိစေရန်

ကျွန်ုပ်၏အမှုသည်ဖြစ်သော ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ် ၁၈–၆(A)တွင်နေထိုင်သော ဦးအောင်မြင့် ၁၂/ဗဟန(နိုင်)၀၆၀၇၆၈၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်ဝန်ထမ်းအိမ်ရာကြီးကြပ်မှုကော်မတီ၏တိုက်အမှတ် ၁၄/၂၅/၄၁၊ အခန်းအမှတ်(B/1)၊ (H/3)၊ (B/2)နှင့် အမှတ် ၁၈(6/A) သီရိမင်္ဂလာလမ်းသွယ်၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၅၄၆၊ သရဖီ ၅ လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)စသည်တို့သည် ကျွန်ုပ်၏အမှုသည် ဦးအောင်မြင့် တစ်ဦးတည်းသာ ပိုင်ဆိုင်ပါသည်။ ဖော်ပြပါအိမ်ခန်းများကို သားသမီးများအမည်ဖြင့် နာမည်ငှားစနစ်ဖြင့် ဝယ်ထားခြင်းသာဖြစ်ပါသည်။ ယခုအချိန်တွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှပေးရန် ဆန္ဒမရှိသည့်အတွက် ကျွန်ုပ်အမှုသည်၏ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အထက်ဖော်ပြပါတိုက်ခန်းများနှင့်အိမ်များကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ အာမခံထားခြင်း၊ တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ကိုယ်စားလှယ်လွှဲအပ်ခြင်းများကို မပြုလုပ်ရန်တားမြစ်လိုက်ပါသည်။ တိုက်အမှတ်–၁၄၊ အခန်းအမှတ်(B/2)မှာ ကျွန်ုပ်၏အမှုသည်ပိုင် အခန်းဖြစ်၍ ၁၃–၅–၂၀၀၅ရက်နောက်ဆုံးထား၍ တိုက်ခန်းမှဖယ်ရှားပြီး တိုက်ခန်းသော့ကို ဦးခင်မောင်မောင် မိသားစုမှ ကျွန်ုပ်၏အမှုသည်ထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ လွှဲအပ်ပေးရန် သတိပေးအပ်ပါသည်။

ဦးခင်မောင်မောင်အား ၆–၅–၂၀၀၅ရက် ကြေးမုံသတင်းစာတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၃၄၁/၀၂ကို ကျွန်ုပ်၏အမှုသည်မှ ရုပ်သိမ်းပြီးဖြစ်သည့်အတွက် ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၁)တိုးချဲ့ရပ်ကွက်ရှိ ကျွန်ုပ်၏အမှုသည်ပိုင်ဆိုင်သော တိုက်ခန်းအမှတ် (H/3) (B/2) (H/2) (B/2) (D/4) တို့တွင် နေထိုင်သော အိမ်ငှား ဒေါ်သန်းသန်းဝေ၊ ဒေါ်သန်းရီ၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးတင့်လွင်နှင့် ဒေါ်ချိုတို့၏အိမ်လခများကို ဦးခင်မောင်မောင်အား ပေးအပ်ခြင်းမပြုရန် ကျွန်ုပ်၏အမှုသည်မှတားမြစ်လိုက်သည်။ ကျွန်ုပ်၏အမှုသည်ကိုယ်တိုင် အိမ်လခများကို ဆက်လက်တောင်းယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်သန်းသန်းရည်(ခ)ဒေါ်ဝင်းမြတ်သူ
B.A(Law),LL.B,B.D.S,D.B.L,D.M.L,E.D.S
Advocate(2094)
Ngathaingyaung
No.50,First Floor A-3,Bank Road,
Kyauktada Township,Yangon
Ph:512386, HP:09 99 70557,
E-mail: Sky @ baganmail.net.mm

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပမ/၁၈၀၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး(ပြည်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(ပြည်)။**

ပြင်ဆင်ချက်

၂၉–၄–၂၀၀၅ရက်ထုတ် မြန်မာ့အလင်း စာမျက်နှာ(၁၄) ဦးလှခိုင် အပါလေးဦး၏ ကန့်ကွက်ချက်အား ပြန်လည်ရုပ်သိမ်းခြင်းကြော်ငြာတွင် တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ် ၃အစား ခြံအမှတ် ၃၁ဟုပြင်ဆင်ဖတ်ရှုပါရန်။ **ဦးလှခိုင်။**

ကျေးဇူးဆပ်ပါမည်

အမှတ် ၆၇၄၊ သုမာလာ ၁၇လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဒေါ်ခင်အေးသွယ်နှင့် ဦးအေးလှိုင်တို့အမည်ပေါက် ပိုင်ဆိုင်သော မြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အထက်ပါလိပ်စာသို့ အကြောင်းကြားပါက ကျေးဇူးဆပ်ပါမည်။

ဒေါ်ညွှန့်ညွှန့်အေး။

မီး သတိပြု

မွေးနေ့ဆုမွန်

ချစ်သောသမီးကြီး **မမေသရဖူလွင်** (Grade -V ၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ ကမာရွတ်မြို့နယ်) Level-1, I.L.B.C ရဲ့ ၁၀–၅–၂၀၀၅ရက်တွင်ကျရောက်သော ကိုးနှစ်မြောက်မွေးနေ့မှနောင်နှစ်ပေါင်းများစွာတိုင်ချစ်သောသမီးကြီးရဲ့ လိုအင်ဆန္ဒ၊ ရည်မှန်းချက်များ ပြီးပြည့်စုံပြီး ဉာဏ်ပညာထူးချွန်ထက်မြက်သော သမီးလိမ္မာ၊ သမီးကောင်းရတနာလေး တစ်ယောက်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်သောပါပါ – ဦးတင့်လွင်
(အုပ်ချုပ်မှုဒါရိုက်တာ K.S.N Co.,Ltd.)
(ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)
ချစ်သောမေမေ – ဒေါ်ခိုင်ဝါသိန်း(ခိုင်ဝါ–မီနီမတ်)
(T & K Mobile Mart)
ချစ်သောညီမလေး– မမေသရဖီလွင်(တန်းခွဲ–A၊ စံပြမူကြို)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ သီရိမင်္ဂလာလမ်းသွယ်၊ အမှတ် ၁၈/၆(အေ)တွင်နေသော ဦးအောင်မြင့်၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်မောင်မောင် ၁၂/ဥကတ(နိုင်)၁၁၄၂၇၇သည် ဖခင်ဖြစ်သူ၏စကားကိုနားမထောင်ဘဲ နည်းအမျိုးမျိုးဖြင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်ပြုမူခြင်း၊ စာဖြင့်ရေးသားခြိမ်းခြောက်ခြင်း စသည်တို့အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်ုပ်၏အမှုသည်နှင့် မည်သို့မျှမသက်ဆိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

ဦးအောင်မြင့်၏ညွှန်ကြားချက်အရ–

ဒေါ်သန်းသန်းရည်(ခ)ဒေါ်ဝင်းမြတ်သူ
B.A(Law),LL.B,B.D.S,D.B.L,D.M.L,E.D.S
Advocate(2094)
Ngathaingyaung
No.50,First Floor A.3,Bank Road,
Kyauktada Township,Yangon.
Ph:512386, H.P 09 99 70557.
E-mail:Sky@baganmail. net.mm.

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ဦးဇာနီထွန်း ၁၂/ရကန(နိုင်)၀၅၇၄၉၄ နှင့် ဒေါ်ရွှေစင်အိ ၁၂/ဒဂန(နိုင်)၀၂၂၆၀၃တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ဗိုလ်တထောင်မြို့နယ် တရားရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဒေါ်ရွှေစင်အိ။





အုတ်တွင်းမြို့ ဇမ္ဗူလုံး စေတီနှင့် အရံစေတီတော်များ အထက်ဌာပနာသွင်းလှူ ပူဇော်ပွဲအခမ်းအနားကျင်းပ

အုတ်တွင်း မေ ၃

အုတ်တွင်းမြို့ ဈေးကျောင်းတိုက်အတွင်း တည်ထားပူဇော်လျက်ရှိသော ဇမ္ဗူလုံးစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ အထက်ဌာပနာသွင်းလှူ ပူဇော်ပွဲ အခမ်းအနားကို ဧပြီ၂၇ရက် နံနက်က စေတီတော်ရှေ့ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပရာ ရန်ကုန်မြို့ သာသနာ့တံခွန် ပဋ္ဌိယတ္တိစာသင်တိုက် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌ ဈေးကျောင်းတိုက် ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တတိလောက အမှူးပြုသော သံဃာတော် ၃၆ပါးတို့ ကြွရောက်တော်မူကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော်၊ သံဃာတော်များက ဌာပနာမည့် ဗုဒ္ဓရုပ်ပွားတော်များနှင့် ဓာတ်တော်၊ မွေတော်များအား အနေကဇာတင်လှူ ပူဇော်ကြသည်။ ထို့နောက် သာသနာ့တံခွန် ဆရာတော်ထံတွင် ကိုးပါးသီလခံယူဆောက်တည်၍ ရေစက်ချအမျှပေးဝေကြပြီး သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်များ ရွတ်ဖတ်ပူဇော်ကြသည်။

တင်လှူပူဇော်

ထို့နောက် ဈေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိလောကဦးဆောင်၍ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်စော၊ မြို့နယ်အတွင်းရေးမှူး ဦးတင်ငြိမ်းနှင့် ဥပါသကာများက ဌာပနာသွင်းလှူပူဇော်မည့် ဗုဒ္ဓရုပ်ပွားတော်နှင့် ဓာတ်တော်မွေတော်များ၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများကို ယာယီစံကျောင်းတော်သို့ ပင့်ဆောင်ပြီး စေတီတော်မြတ်ကြီးသို့ ပန်းရထားဖြင့် တင်လှူ၍ ဌာပနာသွင်းလှူ ပူဇော်ကြသည်။**(အပေါ်ပုံ)**

ဇမ္ဗူလုံး စေတီတော်မြတ်ကြီးအား ကဆုန်လပြည့်နေ့တွင် ရွှေထီးတော်တင်မင်္ဂလာကို စည်ကားသိုက်မြိုက်စွာ ကျင်းပတင်လှူမည် ဖြစ်ကြောင်း သိရသည်။ **(၃၁၆)**

ကျေးလက်ပြည်သူများ ကူးသန်းသွားလာမှုလွယ်ကူစေရေး မိုးကောင်းမြို့နယ်တွင် ဆားမှော်တံတားတည်ဆောက်မည်

မိုးကောင်း ဧပြီ ၂၈

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသနေ ပြည်သူများ မြို့ပြသို့ ကူးသန်းသွားလာမှု လွယ်ကူစေရေးအတွက် လမ်းတံတားလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း၅၀ အကုန်အကျခံကာ အရှည် ပေ ၆၀၊ အကျယ် ၁၄ပေရှိ ဆားမှော် ချောင်းကူးတံတားကို တည်ဆောက်ပေးမည် ဖြစ်သည်။

ကွင်းဆင်းတိုင်းတာ

အဆိုပါ တံတားတည်ဆောက်မည့်နေရာကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် အဖွဲ့သည် ဧပြီ ၁၀ရက်က ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၁၆)**

တာချီလိတ်မြို့နယ် ဓမ္မာရုံတွင် တာချီလိတ် ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့ ကြီးမှူး၍ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်က ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

(ခရိုင် ပြန်/ဆက်)

အမှာစကားပြောကြား

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲလျှော့ချရေး အထူးအထွက်တိုး မိုးစပါးများကို စီမံချက် ပြည့်မီစွာ စိုက်ပျိုးရေးအတွက် နောင်အန်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူလယ်သမားများ၊ ကျေးရွာအုပ်စုအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ၂၇ ရက်က နောင်အန်ရွာ ဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင် အမှာစကားပြောကြားစဉ်။ (၃၀၆)

အထူးကုဆရာဝန်များ မူဆယ်ခရိုင်၌ ကွင်းဆင်း ကျေးရွာပြည်သူများအား အခမဲ့ဆေးဝါးကုသပေး

မူဆယ် မေ ၃

မူဆယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းခိုင်၊ အထွေထွေရောဂါအထူးကုသမားတော်ကြီး ဒေါက်တာရဲကျော်စိုးတို့ ဦးဆောင်သော အထူးကုဆရာဝန်များ အဖွဲ့သည် ဧပြီ ၂၅ရက် နံနက် ၈နာရီခွဲက မုံးပေါ်ဇုန် တိုက်နယ်ဆေးရုံ၌ အဆိုပါဇုန်အတွင်းရှိ မုံးပေါ်၊ ဟိုနား၊ မန်ပုံ၊ ဖန်အွမ်၊ မိုင်ဖန်ကျေးရွာများရှိ ကျေးရွာများအား လူနာပေါင်း ၄၁၄ဦးအား ကွင်းဆင်း၍ အခမဲ့ဆေးကုသပေးခဲ့သည်။

အထူးကု ဆရာဝန်များအဖွဲ့သည် ကျေးရွာပြည်သူများအား အိုင်အိုဒင်းဆားဖြန့်ဝေခြင်း၊ မိုင်ဖန်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် ပညာရေးလှုပ်ရှားမှုများ ဆောင်ရွက်ပေးခြင်း၊ ကျေးလက် စာဖတ်ဝိုင်းများ ဆောင်ရွက်ပေးခြင်း၊ ဟိုနားကျေးရွာတွင် သောက်သုံးရေ ရရှိရေးအတွက် ရေသွယ်ယူပေးခြင်း၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်)အကြောင်း ကျန်းမာရေး ပညာပေး ဟောပြောခဲ့ကြပြီး တိုင်းရင်းဆေးဖြင့် ဆေးကုသမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက် ပေးကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဧပြီ ၂၃ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာဈေးကြီးအတွင်း ရေနုတ်မြောင်းများမှ သဲ၊နုန်းများနှင့် စွန့်ပစ်အမှိုက်များ ဆယ်ယူခြင်း၊ မီးသတ်ပိုက် ဖြင့် ဆေးကြောခြင်းလုပ်ငန်းများကို ဈေးသူ ဈေးသားများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဝန်ထမ်းများ စုပေါင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး ဟိုပင်မြို့၌စစ်ဆေး

ဟိုပင် ဧပြီ ၁၅

ဟိုပင်မြို့ဈေးကြီး မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဧပြီ ၃ရက်က မြို့နယ်တာဝန်ခံဦးစီး အရာရှိ ဦးမောင်မောင်သွင်နှင့် အဖွဲ့ဝင်ထမ်းများ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင်များသည် ဈေးသူ၊ ဈေးသားများအား မီးစနစ်တကျသုံးစွဲရေး ပညာပေး ဟောပြောခြင်း၊ တပ်ဆင်ထားသော မီးသတ်ဆေးဘူးများ စစ်ဆေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ စနစ်တကျထားရှိရေး ကြည့်ရှု စစ်ဆေးဆောင်ရွက်ပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးသုံးစွဲ၍ မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) သက်တန်းအလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

တောင်ကြီး မေ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ရှမ်းပြည်နယ်ဘောလုံး လက်ရွေးစင်ဟောင်းများ အဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် အသက် (၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲနှင့် အသက်(၁၅) နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတို့၏ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဧပြီ၃၀ ရက် နံနက် ၈နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစား ပြိုင်ကွင်း၌ ကျင်းပသည်။

အသက် (၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အေးသာယာ လူငယ်အသင်းက ခြသေ့်လူငယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အသက် (၁၅)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် နွေသင်တန်း(အေ) အသင်းက နွေသင်တန်း(ဒီ)အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရ ဗိုလ်စွဲသွားကြသည်။

အကောင်းဆုံးဆု

ထို့နောက် ဆုပေးပွဲကျင်းပရာ ပြိုင်ပွဲနှစ်ရပ်မှ ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုနှင့် အကောင်းဆုံးဘောလုံး သမားဆုရသူများအား ပြည်နယ်ဘောလုံးကော်မတီဝင်များနှင့် အလှူရှင်များက ဆုပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ရှမ်းပြည်နယ် လက်ရွေးစင်ဟောင်း ဦးခင်မောင်လွင်ကြီးက အသက် (၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲ၌ ပထမဆုရ အေးသာယာ လူငယ်အသင်းအားလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အားကစားမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်က အသက် (၁၅)နှစ်အောက် ဘောလုံးပြိုင်ပွဲ၌ ပထမဆုရ နွေသင်တန်း(အေ) လူငယ်အသင်းအား လည်းကောင်း ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။**(ဝဲပုံ)**

(ပြည်နယ်အား/ကာ)

မြဝတီမြို့နယ်တွင် မေတ္တာလမ်း ကတ္တရာလမ်းသစ်ဖွင့် ပြည်သူနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်

မြဝတီ ဧပြီ ၂၅

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မေတ္တာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက်က အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာဦးစတင့်ဝေက မေတ္တာလမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မြင့်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးလှပိုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းတို့က မေတ္တာလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ယာပုံ) အဆိုပါလမ်းမှာ ပြည်သူနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အရှည်ပေ ၂၃၆၀၊ အကျယ် ၁၈ပေရှိကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်းကျေးရွာ များ ရှိ စက်ရေတွင်းများ ကာလရှည်ကြာစွာ အသုံးပြုနိုင်ရေးအတွက် စက်ရေတွင်း ပြုပြင်ထိန်းသိမ်း ရေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ဧပြီ ၂ ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ကျေးလက်ရေပေးရေးစက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းရေးသင်တန်း ပို့ချပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်းမြို့ စမ်းတွင်းရေကန်တူးဖော် ကျေးရွာပြည်သူများ တစ်နှစ်ပတ်လုံး သောက်သုံးရေရရှိ

ကျောက်ပန်းတောင်း ဧပြီ ၁၉

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက်ရှိ စမ်းတွင်းရေကန်ကြီး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းကို ဧပြီ၁ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမြင့်အောင်နှင့် အသင်းဝင်များ စုပေါင်း၍ကိုယ့်အားကိုယ်ကိုး ကန်တူးဖော်ကြသည်။

အဆိုပါ ရေကန်မှာ တွင်းမကျေးရွာ၊ တောင်ဇင်ကျေးရွာနှင့် ထန်းတောကြီးကျေးရွာများမှ ပြည်သူများ အားထားရသော ရေကန်ဖြစ်ပြီး ရေကန်အကျယ်အဝန်းမှာ ၅၇၆ပေ၊ အနက်ပေ ၂၀ရှိသဖြင့် တစ်နှစ်ပတ်လုံး သောက်သုံးရေများရရှိရန် ကျေးရွာနေပြည်သူများက ကိုယ့်အားကိုယ်ကိုး တူးဖော်ကြကြောင်း သိရသည်။ **(ဝ၆၁)**

မြစ်သားမြို့ ပျော်ရွှာတံတားဆောက်လုပ်ရန်ငွေလှူဒါန်း

ကျောက်ဆည် ဧပြီ ၂၈

ကျောက်ဆည်ခရိုင်မြစ်သားမြို့နယ် ခရိုင်ပတ်လမ်း အမှတ်(၂)ပေါ်ရှိ ပျော်ရွှာတံတားတည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီက ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ကျင်းပရာ ကျောက်ဆည်မြို့ရဲစုရပ်နေ မြဘုရင်နို့ချက်စက်ရုံပိုင်ရှင်ဦးဝင်းမောင်၊ ဒေါ်မြရင်မိသားစုက အလှူငွေကျပ်သိန်း ၂၀ ကိုပေးအပ်လှူဒါန်းရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်မိသားစုက ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ အလှူငွေကျပ်တစ်သိန်း၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့သို့ အလှူငွေကျပ်တစ်သိန်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းမေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

ကျောက်ကြီးမြို့နယ် ကျောက်ရစ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်း အနားကို အဆိုပါ ကျောင်းရှေ့၌ ကျင်း ပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝမ်းနှင့် မြို့နယ်ပညာရေးမှူး ဦးစောဘီသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ပညာရေး)

မြင်းခြံမြို့နယ်တွင် ကျေးလက်ဆေးပေးခန်းဖွင့်

မြင်းခြံ ဧပြီ ၂၀

မြင်းခြံမြို့နယ် ခြေဆေးကျေးရွာ ကျေးလက်ဆေးပေးခန်း ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၆ ရက်က အဆိုပါ ဆေးပေးခန်း၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်း တက်ရောက်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်၊ ခရိုင်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်မောင်လှနှင့် ကျေးရွာဥက္ကဋ္ဌတို့က ကျေးလက်ဆေးပေးခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်မောင်လှက ဆေးပေးခန်းနှင့် ဆေးဝါးပစ္စည်းများအား ကျေးရွာဥက္ကဋ္ဌနှင့် ကျေးရွာအသင်း စည်းရုံးရေးမှူးတို့ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(၄၀၂)**

တောင်ငူမြို့နယ် လဲဘူး-စပါးကြွယ် ကျေးလက်ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဧပြီ ၁ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမင်းဆွေနှင့်အဖွဲ့ ကွင်းဆင်းတိုင်းတာစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

ညောင်ရွှေမြို့နယ် ကျွန်းကြီးကျေးရွာအုပ်စုလုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

ညောင်ရွှေ ဧပြီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ကြီးမှူး၍ ကျွန်းကြီးကျေးရွာအုပ်စုလုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျွန်းကြီးကျေးရွာအုပ်စု ရေမဲပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပညာဗိမာန် စာကြည့်တိုက်ကို တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းရွှေ၊ ကျွန်းကြီးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျွန်းကြီးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်သန်းက အမှာစကား ပြောကြားပြီး တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဝင်းက စာကြည့်တိုက် ရေရှည်တည်တံ့ရေး အကြောင်း ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲ ကျင်းပရာ တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ ၃၀၊ ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ ၅၀၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့က စာအုပ်များ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြာကျုံးတော်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ရွှေဘို ဧပြီ ၁၉

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများအနက် ရွှေဘိုမြို့ အမှတ် (၂)ရပ်ကွက် ကြာကျုံးတော်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက်က အဆိုပါလမ်းထိပ်မုခ်ဦးတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူတို့က လမ်းကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အကျယ် ၁၂ပေ၊ အရှည်ပေ ၈၈၀ ရှိကြောင်း သိရသည်။

(နယ်စပ် စည်ပင်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဟွေဖြန်း ရေပေးရေးလုပ်ငန်းမှ ရေထွက်နှုန်းတိုင်းတာဆောင်ရွက်မှုနှင့် ရေစစ်ကန် သန့်ရှင်းရေးဆောင်ရွက်မှုကို မေ ၃ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေ အမိန့် ၅၊ နည်းဥပဒေ–၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၌
၂၀၀၅ခုနှစ်၊ တရားမကြီးမှု အမှတ်–၃၆၈

၁။ ဦးညွန့်လွင် **နှင့်** ၁။ ဦးဟန်ဝင်း
၂။ ဒေါ်ခင်လှရီ ၂။ ဒေါ်တင်တင်
(တရားလို) **(တရားခံ)**

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ ပြည်သာယာလမ်းမ ၆၅၅နေ (ယခုနေရပ်လိပ်စာမသိသူ) ဦးဟန်ဝင်းနှင့် ဒေါ်တင်တင်တို့သိစေရမည်။

တရားလိုများက သင့်အပေါ်၌ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ကို ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၅ခုနှစ် မေလ၂၃ရက် (၁၃၆၇ခုနှစ်၊ ကဆုန်လပြည့်ကျော်၁ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် တင်ပြလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၅ခုနှစ်၊ မေလ ၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင် (တ/၁၅၃၀)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

မြန်မာ့အလင်းသတင်းစာကြော်ငြာဌာန မြို့တွင်း၌ တိုးချဲ့ဖွင့်လှစ်လက်ခံလျက်ရှိ

ရန်ကုန် မေ ၉

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၅၈၃၄၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့် အပြင် အထူးအစီအစဉ်ဖြင့် နယူးလိုက်အော့ဖ် မြန်မာသတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၉၆၈၄၃တွင်လည်း မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက်၁၀နာရီမှ ညနေ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ်၊ ၉/၂၀၀၅
(၂၀၀၅ ခုနှစ်၊ မေလ ၄ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်–

ရာထူး	**ပညာအရည်အချင်း**	**လစ်လပ်**
ဦးစီးအရာရှိ	တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc)	၅ နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁–၅–၂၀၀၅ရက်တွင် အသက် ၃၅နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၃၁–၅–၂၀၀၅ ရက်အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၂၀ဝိ/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေစစ်ဆေးမှုအတွက်လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်၊ ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၃၁–၅–၂၀၀၅ ရက်အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၈–၆–၂၀၀၅ ရက်နှင့် ၁၉–၆–၂၀၀၅ ရက်များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမည်။ ၁၆–၆–၂၀၀၅ ရက်မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးနှင့်ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ် ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

၉။ ဤကြော်ငြာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website လိပ်စာ csstb. imis. com.mm တွင်လည်း ဖော်ပြထားပါသည်။

(၃၅)နှစ်မြောက် မင်္ဂလာဆုမွန်

ဖေဖေဦးခင်မောင်(စစ်တောင်းစက္ကူစက်–ငြိမ်း)နှင့် မေမေဒေါ်လှမြင့်(အထက သိမ်ဇရပ်–ငြိမ်း)တို့၏ ၁၀–၅–၂၀၀၅ရက်တွင် ကျရောက်သော (၃၅)နှစ်မြောက် မင်္ဂလာရက်မှ နှစ်ပေါင်းများစွာတိုင် လောကီ၊လောကုတ္တရာအကျိုးဆောင်ရွက်နိုင်ပြီး ချစ်သောသားသမီးများနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

သမီးကြီး – မိချောစုစု B.Sc(Physics)
သမီးငယ် – မိချောကြည်ကြည် B.A(Hons) M.A(English)
(နည်းပြ အင်္ဂလိပ်စာဌာန ဒဂုံတက္ကသိုလ်)
သားကြီး – မင်းဝင်းတေဇ B.Sc(Geology)
သားငယ် – ဗိုလ်ကြီး မင်းကျော်သူ B.A (D.S.A) M.A(English)
(လက်ထောက်ကထိက တပ်မတော်ဆေးတက္ကသိုလ်)။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အမြတ်ခွန်ဌာနခွဲ
ဝင်ငွေကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ အမြတ်ခွန်ဥပဒေအရ အခွန်စည်းကြပ်ခံရပြီးသည့် အခွန်ထမ်းအားလုံးနှင့် ၁–၄–၂၀၀၄ရက်မှ ၃၁–၃–၂၀၀၅ရက်အထိ ဘဏ္ဍာနှစ်အတွင်း ကျပ် ၁၀၀၀၁နှင့် အထက်ဝင်ငွေ သို့မဟုတ် အမြတ်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပုံစံတွင် ပြည့်စုံစွာရေးသွင်း၍ ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ၂၀၀၅ခုနှစ် ဇွန်လ၃၀ရက် နေ့ထက် နောက်မကျဘဲ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ အရောက် ပေးပို့ရန် လိုအပ်ကြောင်း နှိုးဆော်ပါသည်။

၂။ ဝင်ငွေကြေညာလွှာပုံစံများကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။ ဝင်ငွေကြေညာလွှာကို လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့် ပေးပို့နိုင်ပြီး လူကိုယ်တိုင်ပေးပို့ပါလျှင် လက်ခံရရှိကြောင်း အထောက်အထားကို သက်ဆိုင်ရာရုံးမှ ထုတ်ပေးမည်ဖြစ်ပါသည်။

၃။ မရှင်းမလင်းသောအချက်များရှိပါက မြို့နယ်အခွန်ဦးစီးရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ထွန်းနွယ်
ညွှန်ကြားရေးမှူး၊ အမြတ်ခွန်ဌာနခွဲ။

ဧပြီ ၁၉ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်ပုဏ္ဏားကျွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဘက်စုံခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့်အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကောင်းမြတ်ထွေးတို့က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ် စည်ပင်)

မန်တုံမြို့တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မန်တုံ ဧပြီ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာဗိမာန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ၁၈ရက် နံနက်၉နာရီက ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ပညာဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးတင်မောင်ဝင်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

လှူဒါန်း

ထို့နောက် မြို့နယ်ဦးစီးမှူးဦးသိန်းဟန်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး လုပ်ငန်းများကို လည်းကောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ညွန့်က စာပေနှင့်ပညာရေးနှင့် ပတ်သက်၍ လည်းကောင်း ဟောပြောကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အခြေခံပညာအထက်တန်း ကျောင်းအတွက် သုတ၊ ရသစာအုပ်မျိုးစုံ ၁၀၀ ပေးအပ်လှူဒါန်းကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မေ ၃ ရက်က ကြို့ပင်ကောက်မြို့နယ် ကျောင်းကုန်းနှင့် ကန်ကလေးကျေးရွာချင်းဆက်လမ်းပြုပြင်ရန် ဂဝံကျောက်များစုဆောင်းရရှိမှုကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန်းဦးတို့က ရှင်းလင်းတင်ပြကြစဉ်။
(ဝ၄ဝ)

မြန်မာ့အသံ

၁၁–၅–၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ အာဋာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ပြည်ထွန်းကား (ပေါင်းတည်မှု)
၁၂း၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)
၁၂း၂၅ သူ့အတွေးနှင့်သူ့အရေး (အသက်နှင့်အရွယ်)(ဒေါက်တာရဲနိုင်)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (အလိမ္မာအစ စာပေက)

ညနေပိုင်း

၁၇း၃၀ အစာနှင့်အာဟာရ(ကင်ပွန်းချဉ်)
၁၇း၄၅ ဆို၊ က၊ ရေး၊တီးပြိုင်ပွဲဆုရ ရန်ကုန်တိုင်းမှ မကောင်းချစ်စုနှင့် မဝင်းနန္ဒာလွင်တို့၏ ပတ္တလားလက်သံ
၁၈း၄၀ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) သားနှင့်သမီးသို့စကား အခွန်းတစ်ရာ (အရှင်သံဝရာလင်္ကာရ) (ဓမ္မပိယဆရာတော်)
(၂) ပါရာဒိုင်း(Paradign) (ဒေါက်တာခင်မောင်ညိုပြန်ဆိုသည်)
၂၀း၃၀ ကမ္ဘာကျော်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ပိုင်သက်ကျော်၏ 'အဖော်မဲ့ငွေသောင်ယံ' တေးစီးရီး

ပဲခူးခရိုင် ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ မြို့နယ်အစည်းအဝေးခန်းမတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များ လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ၂၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူက ကျေးရွာဥက္ကဋ္ဌ များအား စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။
(မြို့နယ် ပြန်/ဆက်)

လက်ပံတန်းမြို့မဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်မှုကို မေ ၁ရက်က မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိနှင့် ဝန်ထမ်းများ၊ ဈေးမိ ဈေးဖနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြို့မဈေးကြီးအတွင်း စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ပြေးစစ်ခမ်ဖနှင့် အပေါင်းပါတစ်စုက ရှမ်းပြည်နယ်ကို ခွဲထွက်ရန် ကြေညာလာခြင်းသည် လမ်းကြောင်းမှန်ပေါ်အရှိန်အဟုန်ဖြင့် ချီတက်နေသောတိုင်းရင်းသားပြည်သူများကို အရှိန်ပျက်အောင်ရည်ရွယ်

ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသော တိုင်းရင်းသားအဖွဲ့များဖြစ်ကြသည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (P.N.O)၊ ရှမ်းပြည်တပ်မတော်(SSA) တပ်မဟာ(၁)နှင့် တပ်မဟာ(၇)၊ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) ခွဲထွက်(မိုင်းယွန်း)နှင့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) ခွဲထွက်(ဝမ်ယိမ်း)၊ MTA (ဟိုမိန်း)၊ MTA ၂(နားရိုင်း)၊ MTA ၃(မတ်ကျန်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) 'ဝ'အဖွဲ့တို့မှ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ ပြည်သူ့စစ်၊ ကြက်ခြေနီတပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ လွိုင်လင်ခရိုင် လဲချားမြို့နယ် လဲချားမြို့ပေါ်ရပ်ကွက် စာမျက်နှာ ၆ ကော်လံ ၁ ●

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ အခမ်းအနားတွင် သဘာပတိဦးဩဝါဒက အဖွင့်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲအခမ်းအနား ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပ လူငယ်ကိုယ်စားလှယ်များက သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ဆွေးနွေးတင်ပြ

ရန်ကုန် မေ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲအခမ်းအနားကို မေ ၇ ရက် နံနက် ၇ နာရီ ၄၅မိနစ်တွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော်အနီးရှိ အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တက်ရောက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း ဒေသရေးရာညှိနှိုင်းရေးမှူးများနှင့် စာမျက်နှာ ၁၁ ကော်လံ ၁ ✡

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲအခမ်းအနားကို မေ ၇ ရက်က မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော်အနီးရှိ အောင်မင်္ဂလာခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)